# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပန်ဆောင်မြို့၌ ကျင်းပမည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် ရိုးရာအသုံးအဆောင်ပစ္စည်းများ ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းချပေးမည်

**ပန်ဆောင် ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂရိုးရာလက်မှုအထည်ဆိုင်မှ ရိုးရာ အသုံးအဆောင်ပစ္စည်းများကို ဈေးနှုန်း သင့်တင့်မျှတစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ရိုးရာချည်နှင့် ပုတီးများကိုဝယ်ယူပြီး ပန်ဆောင်မြို့တွင် မိမိအိမ်၌ရက်လုပ်ကာ ရိုးရာအသုံးအဆောင်များဖြစ်သည့် ရိုးရာခြုံဆောင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## မြဝတီကုန်သွယ်ရေးဇုန်၌ ဇန်နဝါရီ ၁ ရက်မှ ၁၃ ရက်ထိ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၄၉ သန်း ဆောင်ရွက်နိုင်ခဲ့

**မြဝတီ ဇန်နဝါရီ ၁၅**

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ၁၃ ရက်ထိ အမှန် ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၂၅ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂၄ သန်းဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၄၉ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၉-၁-၂၀၂၄ ရက်နေ့မှ ၁၃-၁-၂၀၂၄ ရက်နေ့ထိ ပို့ကုန်တင်ပို့မှုအနေဖြင့် မြေပဲအစို ၃၈ ဒသမ ၃၁၅ တန်၊ ကြက်သွန်နီတန် ၂၀၇၄ ဒသမ ၁၈၀၊ ကော်ဖီစေ့ ၅၂ တန်၊ ငရုတ်သီးခြောက် ၄၀၀ ဒသမ ၃၈၂ တန်၊ ငရုတ်သီးစိမ်း အစို ၁၈၈ ဒသမ ၉၀၄ တန်၊ သတ္တုနှင့်သတ္တုရိုင်း ၉၆ တန်နှင့် ချုပ်ပြီးအထည် ၈၄၂၃ တန်တို့ ဖြစ်သည်။

သွင်းကုန်အနေဖြင့် ပလတ်စတစ်ကုန်ကြမ်းများ ဒေါ်လာ ၁ ဒသမ ၇၀၇ သန်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ✳




**ယနေ့** *ဖတ်စရာ*

**ပုဂံဒေသရှိဘုရားများ၌ သန့်ရှင်းရေးလုပ်ငန်းများကို ဇွန်လတွင် ဇုန် ၁၁ ခုလုံး အပြီးဆောင်ရွက်သွားရန် ရည်မှန်းထား** — ပြည်တွင်းသတင်း စာ ၄

**မြန်မာနိုင်ငံတွင်လူသုံးအများဆုံးလူမှုကွန်ရက်ဖြစ်သည့် Tiktok အသုံးပြုကာ ပြည်ပတွင်အလုပ်ရမည်ဆိုပြီး လိမ်လည်မှုများ ရှိလာနေ** — ပြည်တွင်းသတင်း စာ ၅



**ကမ္ဘာ့စစ်ပွဲကြီးများနှင့် ကုလသမဂ္ဂရှေ့ခရီး** — ဆောင်းပါး စာ ၁၀

**လာအိုနိုင်ငံ၌ ခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်မျှော်မှန်း** — နိုင်ငံတကာသတင်း စာ ၁၃



မြန်မာ့အလင်း

## တည်ငြိမ်အေးချမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေး အလေးထားစဉ်းစားဆောင်ရွက်သင့်ပြီ

ယနေ့မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းလက်နက်ကိုင်ရောင်စုံသောင်းကျန်းသူများ နိုင်ငံအနှံ့အပြားတွင် ထကြွလှုပ်ရှားခဲ့သည့်ခေတ်နောက်ပိုင်း ပဋိပက္ခအထူပြောဆုံးအချိန်ပင်ဖြစ်သည်။ အရပ်သားပြည်သူများ နေထိုင်ရာ မြို့ရွာများနှင့် အနီးဝန်းကျင်ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာသည့်အခါ ပြည်သူလူထုမှာ ကြားမှမြေစာပင်သဖွယ် ဖြစ်ရသည်။ နေအိမ်၊ ပစ္စည်းဥစ္စာ၊ ကျွဲနွားစပါးရိက္ခာများ၊ လက်ငုတ်လက်ရင်းလုပ်ငန်းကိုင်ငန်းများ ပျက်စီးဆုံးရှုံးကြရသည်။ နောက်ဆုံး မိမိတို့၏အသက်ခန္ဓာတည်မြဲနိုင်ရေးအတွက် ဘေးလွတ်ရာသို့ ထွက်ပြေးရှောင်တိမ်းကြရသည်။ အချို့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များအထိ ရွှေ့ပြောင်းနေထိုင်ကြရသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် ဒီမိုကရေစီနိုင်ငံဖြစ်သည်။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှ မှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်။ ပြည်သူများနေထိုင်ရာဒေသများအတွင်း တိုက်ပွဲများဖြစ်ပေါ်လာသည့်အခါ စားဝတ်နေရေး၊ အသက်ရှင်သန်ရေးတို့အပြင် နိုင်ငံသားအခွင့်အရေးများလည်း ဆုံးရှုံးကြရသည်။ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများ ပျက်ပြားခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းနှင့် အခြားဖျက်ဆီးမှုများကြောင့် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပျက်စီးကြရသည်။

"ကယားပြည်နယ်အပါအဝင် အထူးသဖြင့် တိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများ ဖော်ဆောင်နေခြင်း၊ ဆူပူအကြမ်းဖက်၊ ဖျက်ဆီးနှောင့်ယှက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာ ခံစားနေကြရပြီး နိုင်ငံအတွက် အန္တရာယ်များလာနိုင်သဖြင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားစဉ်းစား ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၂) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားရာ နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများက နိုင်ငံနှင့်ပြည်သူအားလုံးအတွက် အန္တရာယ် ကျရောက်စေနိုင်ကြောင်း သတိပေးထားခြင်းပင်ဖြစ်သည်။ ယင်းအခြေအနေသည် လျစ်လျူရှုထား၍ မရဘဲ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နိုးဆော်ထားသည်။

မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်သည် နိုင်ငံတစ်ဝန်း အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှု ဖူလုံရေးပင်ဖြစ်သည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် လမ်းကြောင်းများ ရှိနေပြီးဖြစ်သည့်အလျောက် နိုင်ငံနှင့် ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးစေသည့် နည်းလမ်း၊ တစ်နည်းအားဖြင့် နိုင်ငံနှင့် ပြည်သူနာစေသည့် နည်းလမ်းများကို သက်ဆိုင်သူတိုင်းက ရှောင်ရှားကြစေလိုသည်။ အတ္တ၊ မာန၊ အာဃာတများကို စွန့်လွှတ်၍ နိုင်ငံကို ကောင်းအောင် ဝိုင်းဝန်းတည်ဆောက်ကာ ပြည်သူကို ငြိမ်းချမ်းရေးအမွေပေးဝေစေလိုသည်။ လက်နက်ကိုင်ပဋိပက္ခသံသရာထဲတွင် တရစ်ဝဲဝဲလှည့်လည်ကာ ဆင်းရဲတွင်းသို့ နစ်သည်ထက်နစ်နေသည့် နိုင်ငံကို တစ်ယောက်တစ်လက်၊ တစ်တပ်တစ်အား စည်းလုံးညီညွတ်သည့်လက်များဖြင့် ဝိုင်းဝန်းဆယ်မစေလိုသည်။

နိုင်ငံရေးလှိုင်းကြမ်းလေကြမ်းတွင် နိုင်ငံ၏ အရင်းအမြစ်များ ပျက်စီးဆုံးရှုံးရာ၌ နိုင်ငံ၏ အနာဂတ်အင်အားဖြစ်သော လူငယ်မျိုးဆက်များလည်း ပါဝင်သည်။ လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးပြီး ၎င်းတို့၏ ကာယအား၊ ဉာဏအား၊ အတတ်ပညာကျွမ်းကျင်မှုအားဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမှာ ဖြစ်သည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်ဖျက်ဆီးမှုများအားလုံးသည် နိုင်ငံပြိုကွဲပျက်စီးရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး အတိဒုက္ခကျရောက်ရေးသို့သာ ဦးတည်နေခြင်းဖြစ်ရာ သက်ဆိုင်သူအားလုံးတို့၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်နှလုံးများဖြင့် နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သီတာတင် | ညွှန်ကြားရေးမှူးချုပ်<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) | ဦးကျော်ယဉ်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)၏ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကို ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
သတင်းထုတ်ပြန်ချက်
၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်စိစစ်ဆဲဖြစ်သည့် **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)**၏ ပါတီခေါင်းဆောင် ကွယ်လွန်သွားသဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းမှ ပယ်ဖျက်ပေးပါရန် သက်ဆိုင်ရာပါတီက တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ၁၅-၁-၂၀၂၄ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)က သဘောတူခွင့်ပြုကြောင်းဆုံးဖြတ်ခဲ့ပြီး **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)**၏ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကို ပယ်ဖျက်ခဲ့ကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၄ခုနှစ် (၇၂)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်လူထုအခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပပြုလုပ်

လွိုင်ကော် ဇန်နဝါရီ ၁၅



၂၀၂၄ ခုနှစ် (၇၂) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူးဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**နိုင်ငံတော်အလံအလေးပြု**

ရှေးဦးစွာ ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၄ ခုနှစ် (၇၂) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။(အပေါ်ပုံ)

**ထူးချွန်ဆုများပေးအပ်**

ဆက်လက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းကို ဆောင်ရွက်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ပြည်နယ်အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ၅၇ ဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု ၁၈ ဆု၊ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုအား ရွပ်ရွပ်ချံချံ တန်ပြန်တိုက်ခိုက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု ၆၆ ဆုနှင့် ဂုဏ်ပြုလက်မှတ်ရရှိသူ ၁၄၃ ဦး စုစုပေါင်း ၂၈၄ ဦးအား ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ သဘာပတိများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ထူးချွန်ဆုရရှိသူများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်ဆက်)

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၅**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ထပ်မံတိုးမြှင့်ပေးသွားမည့် အခြေအနေဆွေးနွေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၅၀ ပြန်လည်ပေးဆပ်ပြီးစီးမှု အခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ်ဘီလီယံ ၁၅၀ မှ ငွေကျပ် ၁၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၆၀ ဘီလီယံကို ပြန်လည်ပေးဆပ်ပြီးစီးမှုအခြေအနေ၊ ချေးငွေအရင်း ပြန်လည်ကောက်ခံရေး လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး/ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေ၊ ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ပြီးသည့် လုပ်ငန်းရှင်များမှ ချေးငွေပြန်လည်ပေးဆပ်မှုအခြေအနေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ လုပ်ငန်း ၈၇၉ ခုအနေဖြင့် အတိုးများအား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ထားပြီး ဖြစ်ပါကြောင်း၊ ချေးငွေကို ရည်ရွယ်ချက်အတိုင်း ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိပါက ချေးငွေသက်တမ်း ၂ နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ပေးသွားမည့် အခြေအနေတို့ကို ဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေ အနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့် သံတမန်ရေးရာသင်တန်းအမှတ်စဉ် (၁/၂၀၂၄)နှင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၅/၂၀၂၄) သင်တန်းဖွင့်လှစ်



**နေပြည်တော် ဇန်နဝါရီ ၁၅**

အဆင့်မြင့် သံတမန်ရေးရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၄) နှင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၅/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမနှင့် ရန်ကုန်မြို့ရှိ ဝန်ဇင်းမင်းရာဇာခန်းမတို့၌ တစ်ပြိုင်တည်း ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါ သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် တက်ရောက် အမှာစကားပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး/ ဆရာမကြီးများနှင့် သင်တန်းသား / သင်တန်းသူများ တက်ရောက်ကြသည်။

**လေ့ကျင့်သင်ကြားပို့ချပေးမည်**

အဆင့်မြင့် သံတမန်ရေးရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ရက်သတ္တ (၆)ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး အဆင့်မြင့်သံတမန်ရေးရာ သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများသာမက ဆက်စပ်ဝန်ကြီး ဌာနများမှ သက်ဆိုင်ရာ သံမှူးများအဖြစ် တာဝန်ထမ်းဆောင်မည့် အရာထမ်း စုစုပေါင်း ၃၆ ဦး တက်ရောက်ကြမည်ဖြစ်သည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာထမ်းသည် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများတွင် သံရုံးအကြီးအကဲဖြစ်သူ သံအမတ်ကြီးများအား အဓိက အထောက်အကူပြု ပံ့ပိုးကူညီပေးနိုင်ရန်အတွက် လည်းကောင်း၊ သံအမတ်ကြီး (ကိုယ်စား) သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အတွက် လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ သက်ဆိုင်ရာသံမှူးများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများ အနေဖြင့်လည်း သံရုံးလုပ်ငန်း သဘောသဘာဝအား ကြိုတင်သိရှိနားလည်ပြီး နိုင်ငံနှင့်နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ခြင်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၅/၂၀၂၄) ကို ရက်သတ္တ (၁၂) ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်နှင့် ရန်ကုန်မြို့တွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄၅/၂၀၂၄) တွင် နိုင်ငံ့ဝန်ထမ်းများသာမက သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာများအား စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂလိက နယ်ပယ်အသီးသီးမှလေ့လာလိုသူသင်တန်းသား/ သင်တန်းသူ ၂၀၀ ခန့် တက်ရောက်ကြမည် ဖြစ်သည်။ သံတမန်ရေးရာ ဘာသာရပ်များ၊ နိုင်ငံတကာရေးရာ ဘာသာရပ်များ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များ၊ နိုင်ငံတကာဥပဒေများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များ၊ စိစစ်ညှိနှိုင်းခြင်းနှင့် နိုင်ငံတကာ အစည်းအဝေးကျင်းပခြင်း စသည့် ဘာသာရပ်များ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **သတင်းစဉ်**

❖ ရှေ့ဖုံးမှ

တဘက် (မာဖလာ)၊ လွယ်အိတ်၊ လည်ဆွဲ ပုတီး၊ တောဝက်စွယ်ဖြင့် ပြုလုပ်ထားသည့် ပုတီး၊ ဝါးခွက်၊ ဝါးဘူး၊ ရိုးရာလုံချည်၊ ပုဆိုး၊ လက်ကောက်၊ ရိုးရာအင်္ကျီဝတ်စကုတ် စသည့်ရိုးရာအသုံးအဆောင်ပစ္စည်းများကို ရိုးရာပွဲအတွင်း ရောင်းချပေးမည်ဖြစ်ပြီး ရိုးရာပွဲအပြီးတွင်လည်း ပန်ဆောင်မြို့ကွင်း၌ ရိုးရာအသုံးအဆောင်ပစ္စည်းများကို ဈေးနှုန်းသင့်တင့်စွာဖြင့် ဆက်လက်ရောင်းချသွားမည်ဟု ဒေါ်ကော့ညွန်း(မ်) က ပြောသည်။

**ဂျာယော်(ပန်ဆောင်)**

# ယခုလအတွင်း ပဲတီစိမ်းဈေးနှုန်း အမြင့်ပိုင်းသို့ ပြန်လည်ရောက်ရှိလာ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဇန်နဝါရီလအတွင်း ပဲတီစိမ်းဈေးနှုန်းမှာ အမြင့်ပိုင်းသို့ ပြန်လည်ရောက်ရှိလာကြောင်းနှင့် ဈေးကျမည့်အခြေအနေမရှိသေးကြောင်း ပဲခူးတိုင်းဒေသကြီးမှ ပဲအရောင်းအဝယ်လုပ်ကိုင်နေသူ တစ်ဦးကပြောသည်။

ယခင်လက ပဲတီစိမ်း ပိဿာ ၂၀ ကို ကျပ်ခြောက်သောင်းကျော်ခန့်သာ ပေါက်ဈေး ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ပဲတီစိမ်း ပိဿာ ၂၀ ကို ကျပ် ၇၂၀၀၀ အထိ ဈေးရရှိနေပြီး ပဲတီစိမ်းဈေး အမြင့်ပိုင်းသို့ ပြန်လည်ရောက်ရှိလာကြောင်း ၎င်းက ပြောသည်။ "အကြောင်းရင်းကတော့ ပဲတီစိမ်း ရှားတာလည်း ပါတယ်၊ ပဲတီစိမ်း အရည်အသွေးမြင့်တာလည်း ပါတာပေါ့" ဟု ၎င်းက ရှင်းပြသည်။

မြန်မာ့ပဲတီစိမ်းကို ပြည်ပတင်ပို့မှု အနေဖြင့်လည်း သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ တင်ပို့ရောင်းချလျက် ရှိကြောင်းလည်း ပြောသည်။ "ဒီနှစ်အတိုင်းအတာကတော့ ပဲတီစိမ်းဈေးကလည်း ကျဖို့အခြေအနေမရှိဘူး။ ဈေးတက်ဖို့ပဲ ရှိနိုင်တယ်။ ဘာကြောင့်လဲဆိုရင် ပြည်ပတင်ပို့နေတာလည်းရှိတော့ သူတို့ စာချုပ်ချုပ်ထားတဲ့ တန်ချိန်ကို မပြည့်မချင်း ပဲဈေးက ဆွဲယူနေမှာပဲ" ဟုလည်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် အဓိကသီးနှံများအနေဖြင့် စပါး၊ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ပြီး ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး၏ လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံ စိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ကွက်၏ ၇၂ ကေသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြကြောင်း၊ လက်ရှိတွင် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံမှ တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်းအဓိက ပို့ကုန်တစ်မယ်ဖြစ်ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**MT**

# နိုင်ငံတကာအဆင့်မီစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၅

**နိုင်ငံတကာအဆင့်မီ စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် မိတ်ဖက်ဥပဒေအဖွဲ့အစည်းမှ ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြသည်။**

**အထောက်အပံ့ဖြစ်စေနိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိများအနေဖြင့် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ပြီး စီးပွားရေးစာချုပ်စာတမ်းများ စိစစ်အကြံပြုရာတွင် ပိုမိုထိရောက်သည့် ဥပဒေအကြံဉာဏ်များကို အချိန်နှင့်တစ်ပြေးညီ ပေးနိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ဥပဒေအကြံဉာဏ် ပေးနိုင်စေရန်အတွက် လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ နိုင်ငံတကာအဆင့်မီ စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းနှင့် အခြားစာချုပ်စာတမ်းများဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်းတို့တွင် အထောက်အပံ့ဖြစ်စေနိုင်ရန်အတွက် လည်းကောင်းရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

**သေချာမှတ်သား**

ယခုသင်တန်းတွင် အထွေထွေစီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းစည်းကမ်းချက်များ၊ အစုရှယ်ယာဝယ်ယူခြင်းစာချုပ်၊ တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းစာချုပ်၊ ဖက်စပ်စာချုပ်များနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေး ပို့ချသွားမည်ဟု သိရှိရသည့်အတွက် ယခုသင်တန်းသို့ တက်ရောက်သည့် ဥပဒေအရာရှိများအနေဖြင့် နိုင်ငံတကာအဆင့်မီစီးပွားရေး စာချုပ်စာတမ်းများနှင့် အခြားစာချုပ်စာတမ်းများဆိုင်ရာလုပ်ငန်းကိစ္စများကို သိရှိနားလည်ခြင်းအားဖြင့် မိမိတို့၏ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေမည် ဖြစ်သောကြောင့် ယခုသင်တန်းကို သေချာမှတ်သား၍ လေ့လာကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ သင်တန်းသား/သင်တန်းသူ ၆၀ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့တွင်ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်၍ သတ္တမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာအားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

နံနက်ပိုင်းတွင် စားပွဲတင်တင်းနစ် ဗိုလ်လုပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ (B) ရုံတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။



ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကို ဒဂုံတက္ကသိုလ်၊ ဒုတိယဆုကို မန္တလေးတက္ကသိုလ်၊ တတိယဆုကို တောင်ငူတက္ကသိုလ် ကလည်းကောင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပထမဆုကို ရတနာပုံတက္ကသိုလ်၊ ဒုတိယဆုကို တောင်ကြီးတက္ကသိုလ်၊ ပူးတွဲတတိယဆုကို မန္တလေးတက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်တို့ကလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မသဲနန္ဒာစု (ရန်ကုန်တက္ကသိုလ်) က ပထမ၊ မမေသူ(မန္တလေးတက္ကသိုလ်)က ဒုတိယနှင့် မအိရတနာဖြိုး (ဒဂုံတက္ကသိုလ်) နှင့် မသက်ထက်စံ (တောင်ငူတက္ကသိုလ်) တို့က ပူးတွဲတတိယကို လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် မောင်ထက်မြတ်ဟန်ရှိန် (ရတနာပုံတက္ကသိုလ်) က ပထမ၊ မောင်နိုင်ဝေယံထက် (မော်လမြိုင်တက္ကသိုလ်) က ဒုတိယ၊ မောင်ဉာဏ်လင်းထိန်(တောင်ငူတက္ကသိုလ်) နှင့် မောင်လင်းအောင်(ရန်ကုန်ပညာရေး တက္ကသိုလ်) တို့က ပူးတွဲတတိယကိုလည်းကောင်း ရရှိကြရာ ဆုများကို ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းတို့က ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသမီး စားပွဲတင်တင်းနစ် အားကစားသမားဆု မသဲနန္ဒာစု (ရန်ကုန်တက္ကသိုလ်) နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသား စားပွဲတင်တင်းနစ် အားကစားသမားဆု မောင်ထက်မြတ်ဟန်ရှိန် (ရတနာပုံတက္ကသိုလ်) တို့ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကြီးရရှိသည့် ရတနာပုံတက္ကသိုလ် တင်းနစ်အားကစားအဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက တံခွန်စိုက်ဒိုင်းပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ထို့ပြင် တက္ကသိုလ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံတွင်လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံတွင်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၁၆ နံနက်ပိုင်းမှ စတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမျိုးသား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကိုလည်း ယင်းနေ့ နံနက်ပိုင်းမှစ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

✳ ***ရှေ့ဖုံးမှ***

အခြားပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၆၀၉ သန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၇၃၃ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၄၁၆ သန်း၊ ဓာတုဗေဒ ဒေါ်လာ ၀ ဒသမ ၄၁၄ သန်း၊ စက်နှင့် စက်ပစ္စည်းများ ဒေါ်လာ၀ ဒသမ ၃၄၃ သန်း၊ တာယာနှင့် ကျွတ် ဒေါ်လာ ၀ ဒသမ ၂၂၉ သန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၁၈၁ သန်း၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ ဒေါ်လာ၀ ဒသမ ၁၃၀ သန်းတို့ဖြစ်သည်။ ငွေလဲနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၈ ဒသမ ၅၂ ကျပ်ဖြစ်ကြောင်း သိရသည်။ **(စီးပွား၊ ကူးသန်း)**

## ပုဂံဒေသရှိဘုရားများ၌ သန့်ရှင်းရေးလုပ်ငန်းများကို ဇွန်လတွင် ဇုန် ၁၁ ခုလုံး အပြီးဆောင်ရွက်သွားရန် ရည်မှန်းထား

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပြည်တွင်း၊ ပြည်ပခရီးသွား လာရောက်လည်ပတ်မှုများသည့် ပုဂံဒေသရှိဘုရားများတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လတွင် ဇုန် ၁၁ ခုလုံး အပြီးဆောင်ရွက်သွား ရန် ရည်မှန်းထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောကြားသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရားများအပေါ်၌ ပေါက်နေသည့် ပေါင်းမြက်များအပြင် ညောင်ပင်များ၊ လိုဏ်ဂူအတွင်းပိုင်းရှိ ဘုရား၊ ဆင်းတုတော်များ၏ သန့်ရှင်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ကြောင်း သိရသည်။ အဆိုပါရှင်းလင်းရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကာလ၌ ဇရိယာ သုံးခုတွင် ၁၀၀ ရာခိုင်နှုန်း ရှင်းလင်းဆောင်ရွက်ပြီးစီးနေပြီး ကျန်ဇရိယာသုံးခုကို ထပ်မံဆောင်ရွက်နေရာတွင် ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဟု သိရသည်။

"ယဉ်ကျေးမှုဒေသကြီးကို အပိုင်း ၁၁ ပိုင်းအဖြစ် ဇရိယာပိုင်းလိုက်တယ်။ ၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်ကနေ စပြီးဆောင်ရွက်လာတာ အခုဆိုရင် ဇရိယာ သုံးခုကတော့ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးသွားပြီ။ ကျန်သုံးခုဆောင်ရွက်နေတာ ၃၀ ရာခိုင်နှုန်းလောက် ပြီးနေပြီ။ ကျန်တဲ့ဇရိယာ ငါးခုကိုလည်း ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရည်မှန်းချက်အနေနဲ့ကတော့ ၂၀၂၄ ခုနှစ် ၆ လပိုင်းမှာ အပြီးဆောင်ရွက်သွားဖို့မှန်းထားပါတယ်" ဟု ၎င်းကပြောကြားသည်။ ဘုရား၊ စေတီ၊ ပုထိုးများ၏ ပေ ၂၀ ပတ်လည်ရှိ ရှေးဟောင်းအဆောက်အအုံများကို အနှောင့်အယှက်ဖြစ်စေသည့် အပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းရန် စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

"ဒီမှာခါတိုင်းနှစ်တွေနဲ့ မတူဘူး။ ရာသီဥတုက ပြောင်းလဲလာတဲ့အခါ မိုးများတော့ ဘုရားတွေပေါ်မှာ အပင်တွေပေါက်တာများတယ်။ အပင်တွေသန်တယ်။ တစ်ခါရှင်းပြီးသွားရင်လည်း အုတ်က အစိုဓာတ်ရှိနေသေးတော့ အပင်တွေထပ်ပေါက်တော့ ထပ်ရှင်းရတယ်။ အပင်တွေက ရှင်းပြီးသွားလို့ သုံးပတ်၊ လေးပတ်လောက်အတွင်းမှာကို ပြန်ပေါက်တယ်။ ဒီနှစ်မှာဆိုရင် အပြန်ပြန် အလှန်လှန် ရှင်းပေးနေရပါတယ်။ မိုးပြတ်တာတောင် အုတ်တွေကနေစုပ်ယူထားတဲ့ ရေဓာတ်တွေက မကုန်တဲ့အပြင် ဆောင်းဝင်လာတော့ ဆောင်းရဲ့အအေးဓာတ်နဲ့ထပ်ရှိနေသေးတော့ အပင်တွေက ပေါက်အားများတယ်။ ညောင်ပင်တွေဆိုလည်း ဆေးထိုးသတ်ရတာပါတယ်" ဟု ၎င်းကဆိုသည်။

ပုဂံဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုများလည်းရှိနေပြီး လမ်းကောင်းမွန်ရေး၊ ဘုရားများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားချက်ပေးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြပ်မတ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရဟန်း၊ သံဃာတော်များ ဦးဆောင်သည့် ပရဟိတအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MT**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရွှေကြိုလူငယ်မောင်မယ်များ လေ့ကျင့်ဆောင်ရွက်နေမှု၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးတွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ ပါဝင်ဆောင်ရွက်ကြ မည့် ရွှေကြိုလူငယ်မောင်မယ်များ လေ့ကျင့်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဗဟန်း မြို့နယ် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဆောင်ရွက်နေမှုနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ဆောက်မည့် စာဆိုဗိမာန်အဆောက်အအုံ မြေနေရာတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ ပါဝင်ဆောင်ရွက်ကြမည့် ရွှေကြိုလူငယ်မောင်မယ်များအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ လေ့ကျင့် ဆောင်ရွက်နေသည့် ရွှေကြိုမောင်မယ် များအား သွားရောက်တွေ့ဆုံ၍ အားပေး စကားပြောကြားရာတွင် ယနေ့သည် မြန်မာ့ရုပ်ရှင်လောကအတွက် အနုပညာ ရှင်များ အားသစ်လောင်းသည့် နေ့တစ်နေ့ ဟု ပြောလိုပါကြောင်း၊ ရွှေကြိုမောင်မယ် များသည် လူငယ်များဖြစ်သည့်အတွက် နိုင်ငံတော်က အားကိုးအားထားပြုနိုင် သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်း ကောင်းမွန်စေရန် ယခုကတည်းက ဖြည့်ကျင့်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရက လူငယ်ကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ် များ ပါဝင်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ သည် နောင်တစ်ချိန်တွင် အောင်မြင်သည့် အနုပညာရှင်များဖြစ်စေရမည် ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကြိုးစား ဆောင်ရွက်ရန်လိုသကဲ့သို့ ဥပဒေစည်းကမ်း များကိုလည်း လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံကို အကျိုးပြုသည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အချို့ အနုပညာရှင်များသည် အောင်မြင်မှုကို အခွင့်ကောင်းယူ၍ ပြည်သူများအပေါ် မလျော်မကန် ပြုကျင့်ဆောင်ရွက်မှုများ၊ နိုင်ငံ့အကျိုး၊ လူမျိုးအကျိုးကို အလေး မထားဘဲ မာန်မာနထောင်လွှားကာ ရုပ်တည်လှုပ်ရှားနေမှုများကို တွေ့မြင်နေ ရ၍ လွန်စွာစိတ်မကောင်း ဖြစ်မိပါ ကြောင်း၊ ၎င်းတို့အား သင်ခန်းစာယူ၍ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ပြီး ရုပ်ရှင် လောကကို ကောင်းကျိုးပြုနိုင်မည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖြစ်ပေါ် လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားကာ ရွှေကြိုလူငယ်မောင်မယ် များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗဟန်းမြို့နယ် ငါးထပ် ကြီး ဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်၍ ကျောင်းသုံးပုံနှိပ်စာအုပ် များ ရိုက်နှိပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေး ခန်းမ၌ စက်ရုံမှူးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်တို့က ပုံနှိပ်ဆောင်ရွက်နေသည့် လုပ်ငန်းများအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ် အရည်အသွေး ကောင်းမွန်ရေးနှင့် သက်ဆိုင်ရာနယ်မြေများသို့ အချိန်မီ ပို့ဆောင်ရေး ကိစ္စများကို ဆွေးနွေး မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကျောင်းသုံးပုံနှိပ်စာအုပ် များ ရိုက်နှိပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

### သွားရောက်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီး ဌာနကိုယ်စား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် ရှိသည့် ဗိုလ်တထောင်ခရိုင် မင်္ဂလာ တောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် (မြေတိုင်းရပ်ကွက် ၁၈-အေ) ရှိ မြေရေိယာ ၃၁ ဒသမ ၁၈၉ ဧကအနက်မှ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) တည် ဆောက်မည့် မြေဧရိယာ ၂ ဒသမ ၁၈ ဧက မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေး ရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောက်လုပ် ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာနမှ တာဝန်ယူရေးဆွဲပေးထား သည့် စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) ဒီဇိုင်းပုံစံငယ်နှင့် မြေနေရာအကျယ် အဝန်းနှင့် ယင်းမြေပေါ်ရှိ အဆောက် အအုံဟောင်းများ စာရင်းတို့ကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ နိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင် များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန် တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်း လာစေရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသည့်အတွက် အမြန် ဆုံး အကောင်ထည်ဖော် ဆောင်ရွက် သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) အား အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် တည် ဆောက်နိုင်ရေး ကနဦးသဘောတူညီမှု ရရှိထားပြီဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံ အစိုးရနှင့် မကြာမီကာလအတွင်း စီမံကိန်းသဘောတူညီမှုစာချုပ် ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆောက် အအုံ တည်ဆောက်ရာ၌ ကုန်ကျမည့် ခန့်မှန်းတန်ဖိုးငွေကျပ်မှာ ၇၉၁၈ ဒသမ ၈၃၃ သန်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံတွင် လူသုံးအများဆုံးလူမှုကွန်ရက်ဖြစ်သည့် Tiktok အသုံးပြုကာ ပြည်ပတွင်အလုပ်ရမည်ဆိုပြီး လိမ်လည်မှုများ ရှိလာနေ

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံတွင်လူသုံးအများဆုံးလူမှုကွန်ရက်ဖြစ်သည့် Tiktok အသုံးပြုကာ ပြည်ပတွင်အလုပ်ရမည်ဆိုပြီး လိမ်လည်မှုများ ရှိလာ နေကြောင်း အလုပ်သမားအရေးဆောင်ရွက်သူ ဒေါ်မျိုးအေးက ပြောသည်။

Tiktok တွင် သားကောင်နှင့် ခင်မင်အောင်ပေါင်းပြီးနောက် အယုံသွင်းကာလိမ်လည်ခြင်းဖြစ်ကြောင်းလည်း သိရသည်။ "ကျွန်မ လက်ရှိကိုင်တွယ်ပေးနေတဲ့ Case ဆိုရင် Tiktok မှာ သူတို့ခင်တယ် ပြောတယ်။ ဘယ်လိုခင်တာလဲတော့ မသိဘူးပေါ့။ သူက ပတ်စ်ပို့ လည်းမရှိဘူး။ ပတ်စ်ပို့လုပ်တာကနေစပြီး နောက်ဆုံးဟိုဘက်နိုင်ငံ မှာ အလုပ်လုပ်တဲ့အထိတစ်လျှောက်လုံးကိစ္စကို ပို့တဲ့သူကကျခံ မယ်ပေါ့။ ကျခံတယ်ဆိုတာက ပထမလစာကိုဖြတ်မယ်ပေါ့။ ပထမ လစာ ၁၆ သိန်းရမယ်ဆိုတာကို ယုံကြည်တယ်။ လိမ်တယ်ဆိုတဲ့ လူတွေရဲ့ပစ်မှတ်က ဘာမှမသိတဲ့လူတွေကိုလိမ်တာ။ သိတဲ့လူတွေကို လိမ်လို့မရဘူး" ဟု ၎င်းကဆိုသည်။

ထို့ပြင် အေဂျင်စီဖြင့် ပြည်ပသို့သွားရောက်မည့် အလုပ်သမားများ အနေဖြင့် တရားဝင်အေဂျင်စီများ ဟုတ်မဟုတ်သိရန် လိုအပ်ကြောင်း လည်း ၎င်းကအကြံပြုသည်။ လက်ရှိကာလတွင် ပြည်ပနိုင်ငံသို့ သွားရောက်မည့် အလုပ်သမားများအား တရားမဝင်အေဂျင်စီများ၊ လူလိမ်ပွဲစားများက ပစ်မှတ်ထားလိမ်လည်မှုများရှိကြောင်း သိရသည်။

"တချို့ ဒူဘိုင်းသွားမယ်ပြောပြီး အီရန်ကို ရောက်သွားတာတို့ ရှိတယ်။ အဲ့ဒါတွေကလည်း ဟိုရောက်မှထပ်ဖြစ်တာ။ လိမ်လို့လိမ်မှန်း လည်းမသိကြဘူး။ သူတို့ရဲ့ဗဟုသုတ အားနည်းမှုကြောင့်လို့ ထင်တယ် ။ လိမ်တဲ့လူက သားကောင် ရှာတယ်။ ပစ်မှတ်ရှာတယ်။ သူတို့ကိုကြည့်လိုက်တယ်။ ဒီလူတွေကတော့ ဘာမှမသိဘူး လိမ်လို့ ရတယ်" ဟု ဒေါ်မျိုးအေးက ရှင်းပြသည်။

**သစ်တော်**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်း ဝင်ရောက် သည်နှင့် အအေးဓာတ် ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေ ပါမည်။
- လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။



# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

### ဗီဒီယိုမှတ်တမ်းကိုပြသ

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



### ကျေးဇူးတင်စကားများပြောကြား

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

### ဖူးမြော်လေ့လာကြည်ညို

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

## တောင်ကုတ်မှ သစ်သားစက်ဘီးကိုတီထွင်ဖန်တီးမှုက အင်တာနက်သုံးသူများကြားတွင် စိတ်ဝင်စားမှုမြင့်တက်နေပြီး အလားတူစက်ဘီးမျိုးကို ထပ်မံဆန်းသစ်ထုတ်လုပ်သွားမည်ဟုဆို

**ရန်ကုန် ဇန်နဝါရီ ၁၅**

တောင်ကုတ်မှ သစ်သားစက်ဘီးကိုတီထွင်ဖန်တီးမှုက အင်တာနက်သုံးသူများကြားတွင် စိတ်ဝင်စားမှုမြင့်တက်နေပြီး အလားတူစက်ဘီးမျိုးကို ထပ်မံဆန်းသစ်ကာထုတ်လုပ်သွားမည်ဖြစ်ကြောင်း အဆိုပါသစ်သားစက်ဘီးတီထွင်ဖန်တီးသူ ကိုဇော်မင်းထွန်းက ပြောကြားသည်။

လက်ရှိတွင်လည်း အဆိုပါသစ်သားစက်ဘီးကိုစိတ်ဝင်စားမှုရှိနေပြီး ဈေးလာရောက်စုံစမ်းမှုများလည်းရှိနေကာ လတ်တလော၌ ဈေးနှုန်းသတ်မှတ်ထားခြင်းမရှိသေးကြောင်း၊ ဝယ်ယူလိုသူများရှိလာပါက ဝယ်သူ၏လိုချင်သည့် ပစ္စည်းအနေအထားနှင့် ကုန်ကျစရိတ်အပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ "ဈေးတွေ၊ ဘာတွေ လာရောက်စုံစမ်းကြတာရှိပါတယ်။ အမှာရှိရင်တော့ ရောင်းချဖို့အတွက် တီထွင်သွားဖို့ရှိပါတယ်။ ကိုယ်တီထွင်တဲ့ဟာလေးကိုကြိုက်တယ်ဆိုတော့ ဝမ်းသာရပါပေါ့။ အခု ပထမဆုံးတီထွင်လိုက်တဲ့ စက်ဘီးကအိမ်မှာရှိတဲ့သစ်သားနဲ့ လုပ်လိုက်တာဆိုတော့ ကုန်ကျစရိတ်ကိုတော့ တွက်ချက်ထားတာမျိုး မရှိပါဘူး။ လိုအပ်တာလေးတွေ ထပ်ဝယ်ရတာမျိုးပဲရှိတယ်။ ဝယ်သူရှိလာရင်တော့ ဝယ်သူလိုချင်တဲ့ပုံစံ၊ ကုန်ကျစရိတ်အပေါ် မူတည်ပြီး ဈေးနှုန်းသတ်မှတ်ရမှာပေါ့" ဟု ကိုဇော်မင်းထွန်းက ပြောကြားသည်။

ယခုတီထွင်ထားသည့် သစ်သားစက်ဘီးမှာ ပုံမှန်နင်းနင်းရုံဖြင့် ပေါ့ပေါ့ပါးပါးစီးနိုင်ရန် တီထွင်ဖန်တီးထားခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ထို့ပြင် လာမည့်ရက်ပိုင်းအတွင်း ယခုတီထွင်ထားသည့် သစ်သားစက်ဘီးပုံစံကိုပင် ဒီဇိုင်းသစ်တစ်မျိုးဖြင့် ထပ်မံဖန်တီးရန် ရှိနေပြီး အဆိုပါစက်ဘီးသစ်တွင် ဝင်ရိုး၌သံထည်ပစ္စည်းသုံးမည်ဖြစ်ပြီး ပိုမိုအကြမ်းခံနိုင်မည်ဖြစ်ကြောင်း ကိုဇော်မင်းထွန်းက ရှင်းပြသည်။

"နောက်ထပ် ၂ ရက်၊ ၃ ရက်လောက်မှာ ဒီဇိုင်းတစ်မျိုးနဲ့ လုံးဝ ပရော်ဖက်ရှင်နယ်ဖြစ်အောင် လူကိုင်းစီးလို့ရနိုင်မယ်၊ အကြမ်းလည်း ခံနိုင်မယ့် နောက်ထပ်စက်ဘီးကို တီထွင်သွားဖို့ရှိတယ်။ ဒီတစ်ပတ်အတွင်းမှာ နောက်ထပ်ဒီဇိုင်းတစ်မျိုးနဲ့ စက်ဘီးတွေနဲ့ ပြိုင်ပြီးစီးလို့ရတဲ့ပုံမျိုး ထပ်လုပ်သွားဖို့ရှိတယ်။ အခုစက်ဘီးကျတော့ ဝင်ရိုးတွေမှာ သစ်သားပဲသုံးထားတာကျတော့ အချို့ကလေးတွေကျတော့ သံထည်ပစ္စည်းတွေသုံးတာတောင် ကျိုးကျတာဆိုတော့ ဝင်ရိုးမှာ သံဝင်ရိုးလေး ထည့်ပေးမှာပေါ့"ဟု ၎င်းက ပြောသည်။

၎င်းအနေဖြင့် ၁၂နှစ်သားအရွယ်က ယခုကဲ့သို့ သစ်သားစက်ဘီးကို တီထွင်ခဲ့ဖူးသော်လည်း စီးနိုင်သည့်အဆင့်အထိ မရောက်ခဲ့ဘဲ အသက် ၄၀ ကျော်အရွယ်ရောက်မှ အလုပ်အကိုင်ရှားပါးမှုများကြောင့် အဆိုပါသစ်သားစက်ဘီးကို ပထမဆုံးအကြိမ်အဖြစ် ထပ်မံတီထွင်ဖြစ်ခဲ့ကြောင်းလည်း သိရသည်။ **MT**

---

## ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ကရင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ စာစစ်ဌာနများ စနစ်တကျဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ်အတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ စာစစ်ဌာနများ စနစ်တကျဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပြည်နယ်ပညာရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်က စတင်ပြီး ၁၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးကို တက်ရောက်လာကြသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု၏ပညာရည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်း မြင့်မားရေးသည်လည်း အချက်တစ်ချက်အနေဖြင့် ပါဝင်နေခြင်းကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထောက်အကူဖြစ်စေရန် လိုအပ်ချက်များကိုလည်း ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်း မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးဘထွီးစိန်က စာစစ်ဌာနများ စနစ်တကျဖွင့်လှစ်နိုင်ရေး လျာထားချက်များအပေါ် ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အလိုက်တက္ကသိုလ်ဝင်စာမေးပွဲကို သတ်မှတ်ထားသော စာစစ်ဌာနများတွင် စနစ်တကျ ဖြေဆိုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများက EID လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာကို အထွတ်အမြတ်ထား ကိုးကွယ်တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အခုလို မြတ်ဗုဒ္ဓရဲ့ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတာက ထူးကဲတဲ့လာဘ်တစ်ပါးဖြစ်ပါတယ်

ဦးစိုးသွင် (သရက်မြို့ ဆုတောင်းပြည့်ဘုရားကြီးဂေါပကဥက္ကဋ္ဌ)

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များပါဝင်သည့် ဘုရားဖူးအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြရာ အဆိုပါလာရောက်ဖူးမြော်ကြည်ညိုကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-**

**ဦးအောင်ဆန်း**
**(မကွေးတိုင်းဒေသကြီး မြသလွန်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်)**

မာရဝိဇယဘုရားကြီးကို တစ်ခါမှမရောက်ဖူးပါဘူး။ အခုမှလာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို ရုပ်မြင်သံကြားတွေနဲ့ ဆိုရှယ်မီဒီယာတွေပေါ်မှာပဲ မြင်တွေ့ဖူးမြော်ရပါတယ်။ အခုတော့ မျက်မြင်ကိုယ်တွေ့ ဘုရားကြီးရဲ့ ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ပူဇော်ထားရှိတာကို တွေ့မြင်ရပါတယ်။ ရင်သပ်ရှုမောဖွယ်ရာ မြန်မာမှုလက်ရာများကို တွေ့ရတော့ အလွန်အံ့သြဂုဏ်ယူမိပါတယ်။ အခုလိုမျိုး ဘုရားကြီး တည်ထားခြင်းအားဖြင့် အမျိုးဘာသာ၊ သာသနာကို တိုးတက်ကောင်းမွန်အောင် ပြသရာလည်းရောက်တဲ့အတွက် ကောင်းပါတယ်။ ဒီထက်မကလည်း အမျိုးဘာသာ၊ သာသနာ ပိုမိုတိုးတက်ဖို့ မျှော်လင့်ပါတယ်။ မာရဝိဇယဘုရားကြီးက ရတနာပုံခေတ်က မြန်မာမှုလက်ရာများကဲ့သို့ တည်ထားတာကိုလည်း တွေ့ရပါတယ်။ ဒီလိုသာသနိက အဆောက်အအုံများကို ခေတ်စနစ်နဲ့အညီ ခေတ်သစ်နည်းပညာများဖြင့် တည်ထားကိုးကွယ်ပူဇော်ခြင်းက ဗုဒ္ဓဘာသာ၊ သာသနာတော်ကို ယုံကြည်ကိုးကွယ်မှုကို ကမ္ဘာကသိအောင် သမိုင်းတင်ကျန်ရစ်စေမယ့် ထင်ထင်ရှားရှား ပြသခွင့်ရတဲ့ သာသနိကအဆောက်အအုံ၊ ဘုရားကြီးတစ်ဆူလို့ ယူဆပါတယ်။ ဒီဘုရားကြီးရဲ့ စီမံခန့်ခွဲတဲ့အပိုင်းတွေကို အတုယူပြီး မိမိတို့တာဝန်ယူထားတဲ့ ဘုရားစေတီမှာလည်း ပိုပြီးတော့ ကြည်ညိုဖွယ်ဖြစ်အောင် ကြိုးစားဆောင်ရွက်မယ်လို့ ပြောချင်ပါတယ်။

**ဦးကျော်သိန်း**
**(မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးဂေါပကဥက္ကဋ္ဌ)**

မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ဟောကြားခဲ့တာရှိပါတယ်။ “ဗုဒ္ဓမြတ်စွာသာသနာတော်ကို ကောင်းစွာကြိုတင် မပြုပြင်သော်၊ အမြင်မှိန်မှေးအထင်သေး၍ အရေးဖွယ်ရာ အဖြာဖြာကို အနှစ်ဘာသာဝါဒဟူသမျှတို့ အစစကုန်သုဉ်း ပြုတ်ပြုတ်ပြုန်းပြုန်းလျှင်” ဟု ဆိုထားပါတယ်။ ကျွန်တော်တို့ဘာသာသာသနာအတွက် အားလုံးကလည်းပဲ ကြိုတင်ပြီးတော့ သာသနာကို ဒီထက်မက ထွန်းကားလာအောင်၊ သာသနာကိန်းအောင်းလာအောင် လုပ်ဖို့အတွက် ကျွန်တော်တို့လည်း တာဝန်ရှိသလို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အခုလိုမြင်ရတော့ အင်မတန်အံ့သြပါတယ်။ “မာရ”ဆိုတာ ရန်သူကို အောင်မြင်ခြင်းဖြစ်ပါတယ်။ ဒေဝပုတ္တမာန်၊ ကိလေသာမာန်၊ ခန္ဓာမာန် စတဲ့မာန်သည် ရန်ဖြစ်ပါတယ်။ မာရဝိဇယဆိုတဲ့ ရုပ်ပွားတော်မြတ်ကြီးကို ဒီလိုမျိုး တည်ထားကိုးကွယ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ တိုင်းပြည်အေးချမ်းမယ့်လက္ခဏာပဲဖြစ်ပါတယ်။ ဒီလိုမျိုး သာသနိကအဆောက်အအုံတွေ၊ ကျောက်စာတွေကိုလည်း ဖူးတွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ ပြန်သွားတဲ့အခါမှာ မာရဝိဇယဘုရားကြီးရဲ့ အတုယူစရာအားလုံးကို အတုယူပြီး မိမိတို့ တာဝန်ယူထားတဲ့ ဘုရားများကိုလည်း ကောင်းမွန်အောင် လုပ်ဆောင်သွားပါ့မယ်။



ဦးအောင်ဆန်း



ဦးကျော်သိန်း



ဦးဝင်းရွှေ



ဦးစိုးသွင်

**ဦးဝင်းရွှေ**
**(မင်းဘူးခရိုင် မင်းဘူးစကုမြို့နယ် မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ )**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီစဉ်ပေးမှုကြောင့် မာရဝိဇယဘုရားကြီးကို အခုလိုလာရောက်ဖူးမြော်ရတာ အလွန်အင်မတန်မှ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်တဲ့ ပိဋကသုံးပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားများ၊ ကျောက်စာများကို ခေတ်မီနည်းပညာသုံးပြီး ထွင်းထုပူဇော်ထားထာကိုလည်း တွေ့ရပါတယ်။ ဘုရားကြီးတည်ဖို့ စကျင်ကျောက်များ စတင်သယ်ဆောင်လာတာကို တွေ့ကတည်းက ဖူးချင်ခဲ့တာဖြစ်ပါတယ်။ အခုလိုကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ အထူးလည်း သဒ္ဒါတရားတွေ ကြည်နူးပွားများမိပါတယ်။ ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသနာတော်နှင့်အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးလည်း အစွန့်ရှည်တည်တံ့ပါစေလို့ ဆုတောင်းပါတယ်။

**ဦးစိုးသွင်**
**(သရက်မြို့ ဆုတောင်းပြည့်ဘုရားကြီးဂေါပကဥက္ကဋ္ဌ)**

ကျွန်တော်တို့ သရက်မြို့ဆုတောင်းပြည့်ဘုရားကြီး တည်ထားတာ နှစ်ပေါင်း ၁၀၀ ကျော်ရှိပါပြီ။ မာရဝိဇယဘုရားကြီးကို တီဗွီ၊ သတင်းစာတွေမှာပဲ ဖူးမြော်ရတာဖြစ်ပါတယ်။ အခုတော့ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရပါပြီ။ စကျင်ကျောက်နဲ့ ထုလုပ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကမ္ဘာမှာလည်း ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ထူးထူးခြားခြား တည်ဆောက်ထားတာကို တွေ့မြင်ဖူးမြော်ရပါတယ်။ ဘုရားကြီးကို စပြီးဖူးမြော်ကတည်းက ကျွန်တော်ရဲ့စိတ်ထဲမှာ အားလုံးက စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းစေတနာသဒ္ဒါတရား ထက်သန်မှုတွေကိုလည်း တွေ့မြင်ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာကို အထွတ်အမြတ်ထား ကိုးကွယ်တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အခုလိုမြတ်ဗုဒ္ဓရဲ့ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတာက ထူးကဲတဲ့ လာဘ်တစ်ပါးဖြစ်ပါတယ်။ ဘုရားကြီးကို မဖူးမြော်ရသေးတဲ့သူများကိုလည်း လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဘုရားကြီးမှာ ခေတ်စနစ်နဲ့အညီ ခေတ်သစ်နည်းပညာတွေနဲ့ ဗုဒ္ဓဘာသာ သာသနာတော်အတွက် ကမ္ဘာမှာ မှတ်တမ်းတင်ထိုက်တဲ့ မြန်မာမှုအနုပညာလက်ရာများကိုလည်း ဖူးမြော်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

**သတင်းဓာတ်ပုံ - နိုင်ထွန်း၊ လဲ့ရည်လှိုင်**

# ကျန်းမာရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

**နိုင်ငံတော်က ဝယ်ယူထောက်ပံ့ထားသည့် ဆေးဝါးများကို လူနာများအကျိုးရှိစေရေး ထိထိရောက်ရောက် အသုံးချရန်၊ အဓိကဆေးဝါးများ အခမဲ့ထောက်ပံ့ပေးရန်နှင့် ပြည်သူများအနေဖြင့် ဆေးကုသစရိတ်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ကျန်းမာရေး ဝန်ကြီးဌာန၏ ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားသည်။** (ယာပုံ)



အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေး မှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဦးစီး ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လစဉ်အလှည့်ကျကွင်းဆင်းကုသ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မကုန်ဆုံးမီ ပြည်သူ့ဆေးရုံ များရှိ ခွဲခန်း၊ ခွဲမှန်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွား ခန်းများ စံကိုက်ဖွဲ့စည်းပုံဖြစ်စေရန် လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြ ရန် လိုအပ်ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများအပါအဝင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ ဥပမိရုပ်ကောင်းမွန်စေရန် ယခု ဘဏ္ဍာနှစ်မကုန်မီ အားဖြည့်ဆောင်ရွက်ရန် လိုကြောင်း၊ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးသုံးစွဲမှုကို စနစ် တကျဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ရန်၊ အောက်ခြေ အထိ အခြေအနေမှန်ကို သိရှိစေရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် အထူးကု ဆေးကုသရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ် များမှလည်း မိမိတို့အစီအစဉ်ဖြင့် လစဉ်အလှည့်ကျ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်တို့က ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူး သုံးစွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် တိုင်းဒေသ ကြီး/ ပြည်နယ် ကုသရေးဦးစီးဌာနမှူးများက တင်ပြ ချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## FD-AFoCO Model Forest စီမံကိန်း (AFoCO/015/2020) ၏ စတုတ္ထအကြိမ်မြောက် စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ (PSC) အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

သစ်တောဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ၊ အာရှဒေသသစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization – AFoCO) တို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် “သစ်တော မှီခိုနေထိုင်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တောတည်ထောင်ခြင်းစီမံကိန်း (FD–AFoCO Model Forest Project)” ၏ စတုတ္ထအကြိမ်မြောက် စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ (PSC) အစည်းအဝေးကို ယနေ့ နံနက် ၇နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်းကြင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



ဦးစွာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက FD–AFoCO Model Forest Project စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ ရှမ်းပြည်နယ် တောင်ကြီးခရိုင်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်း၏ အဓိကရည်ရွယ်ချက်အနေဖြင့် သစ်တောများကို မှီခိုနေထိုင်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် သစ်တော ထိန်းသိမ်းခြင်းဖြင့် ဒေသခံအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တောများတည်ထောင်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ယခုအစည်းအဝေးတွင် ၂၀၂၃ ခုနှစ်အတွင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ရန်ပုံငွေသုံးစွဲထားရှိမှု အခြေအနေများ၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်း လျာထားချက်များနှင့် ရန်ပုံငွေ လျာထားချက်ဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများက ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ AFoCO Secretariat မှ ကိုယ်စားလှယ်များ၊ သစ်တောဦးစီးရုံးချုပ်မှ စီမံကိန်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူးများ၊ FD–AFoCO Model Forest Project စီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## နတ်တလင်းမြို့ အ.ထ.က(နတ်တလင်း)ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

နတ်တလင်း ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အ.ထ.က (နတ်တလင်း)ကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အ.ထ.က(နတ်တလင်း)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်တလင်းမြို့မှ စီးပွားရေးလုပ်ငန်းရှင် ဆရာဦးရွှေလှိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အနာဂတ်တွေလှပဖို့ ဗလငါးတန်ဖွံ့ဖြိုးစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ စာရေး ဆရာအသင်းအဖွဲ့ဝင် လေယာဉ်မှူးကြီး ဦးသိန်းဇော်က လုလင်ငယ်သွေး အားမာန်မွေးရမည် ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**



## ရေကြည်မြို့နယ်၌ ကြိမ်စိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

ရေကြည် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း ကြိမ်စိုက်ခင်း တည်ထောင်ရန်ကိစ္စရပ်များကို သစ်တောဦးစီးဌာန (မူဝါဒနှင့်စီမံကိန်း) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေချစ်သည် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကြိမ်/ဝါးလက်မှုလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက(သစ်မာ) စိုက်ခင်း လုပ်ကိုင်နေသူများနှင့် မြို့နယ်သစ်တောဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၁၄ ရက်က တွေ့ဆုံဆွေးနွေးသည်။



ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖြစ်သည့် ကြိမ်/ဝါး အခြေခံလက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ကြိမ်စိုက်ပျိုးနည်းစနစ်၊ ဈေးကွက်အတိုင်းအတာ၊ စိုက်ခင်းတည်ထောင်သည့် ကုန်ကျစရိတ်၊ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးတို့က ရှင်းလင်းပြောကြားပြီး ဒေသခံလုပ်ငန်းရှင်များက သိလိုသည်များမေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

- ❄ ရုံးချိန်အတွင်း အလင်းရောက်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။
- ❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။
- ❄ ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီးသုံးစွဲမှုများ ရှိ/မရှိ သေချာစိစစ်ရန်။

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃)ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှစ၍ အကောင်အထည်ဖော်လျက်ရှိပြီး ပထမခြောက်လပတ် အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာ ကောက်နုတ်ချက်ကို အင်္ဂလိပ်ဘာသာဖြင့်ပြုစုပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံး The Office Of the Special Representation of the Secretary General on Sexual Violance in Conflict (OSRSG-SVC)သို့ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး (UN-RCO) မှတစ်ဆင့် ပေးပို့ထားခဲ့ကြောင်း၊ ယခုအစည်းအဝေးတွင် ဒုတိယခြောက်လပတ် အစီရင်ခံစာ (မူကြမ်း)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြနိုင်ရေးအတွက် လုပ်ငန်းကော်မတီဝင်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၃)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) အကောင်အထည်ဖော်မှု ဒုတိယခြောက်လပတ် အစီရင်ခံစာ(မူကြမ်း) ရေးသားထားမှုကိုတင်ပြရာ လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ဆောင်ရွက်



မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုမဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသစဉ်။

**မန္တလေး ဇန်နဝါရီ ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မန္တလေးတိုင်းဒေသကြီး၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီ ခြောက်ပါတီမှ ပါတီဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းအောင်ကျော်နှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအရာရှိတို့က ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီကော်မတီ ဥက္ကဋ္ဌများနှင့် အမှုဆောင်များက မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။

MEVM စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းကို ယနေ့တွင် စုစုပေါင်း ၄၈၂ ဦးက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းယောင်းမြို့နယ်၌ လူငယ်စကားဝိုင်းပြုလုပ်

**မိုင်းယောင်း ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို အခြေခံပညာ အလယ်တန်းကျောင်း-ခွဲ (ဝမ်ကောင်း) ၌ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်သည်။

လူငယ် စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က ကျောင်းသားကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လူငယ်နဲ့ကြီးပွားရေးခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကာ ကျောင်းသားကျောင်းသူများက လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်ကျန်းမာရေးစသည့် ခေါင်းစဉ်များကို ဆွေးနွေးကြသည်။ **ထွန်းမြင့်လှိုင်(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တိုင်းရင်းသားရေးရာကိစ္စရပ်များကို စည်းစည်းလုံးလုံး ညီညွတ်စွာ ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား

**မန္တလေး ဇန်နဝါရီ ၁၅**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဝင် ကွန်ကရစ်လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ မှတ်ပုံတင်သည့်အခါတွင် သေချာစိစစ်ရန်နှင့် ကူညီဆောင်ရွက်ပေးရန်၊ သဘာဝဘေးအန္တရာယ် အထူးဂရုပြုရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်နှင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်များကို အလေးထား လိုက်နာဆောင်ရွက်ရန်၊ ဝန်ကြီးဌာနက အကောင်အထည်ဖော်နေသော စီမံကိန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို စည်းစည်းလုံးလုံး ညီညွတ်စွာ ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

(၁၃) ကြိမ်မြောက် ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် စပိန်စူပါဖလားကို (၁၄) ကြိမ်ဖြင့် စံချိန်တင် ဆွတ်ခူးထားသည့် ဘာစီလိုနာအသင်းကို လိုက်မီရန် နီးကပ်လာပြီဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းမှ ဘရာဇီး တိုက်စစ်ကစားသမား ဗင်နီးစီးယပ်စ်သည် ယခုပွဲစဉ်တွင် အထူးခြေစွမ်းပြသကာ ပွဲချိန် ၃၉ မိနစ်အတွင်း ဟက်ထရစ် ရယူနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် စတုတ္ထဂိုးကို ရိုဒရီဂိုက သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို အသင်းအဓိက တိုက်စစ်ကစားသမား လီဝမ်ဒေါ်စကီးက မြေမကျကန်ချက်ဖြင့် လှလှပပ သွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၇၁ မိနစ်တွင် ဘာစီလိုနာအသင်းမှ အာရာဂျို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့်ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဘာစီလိုနာအသင်းသည် ရီးရဲမက်ဒရစ်အသင်းဘက်သို့ တုံ့ပြန်ကစားပုံကောင်းမွန်မှုနှင့်အတူ ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်အထိ ရှိခဲ့သော်လည်း တစ်ကြိမ်သာဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းက ဂိုးပေါက်တည့်မတ်မှု ကိုးကြိမ်တွင် လေးကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် လာမည့်ပွဲစဉ်တွင် ကိုပါဒယ်ရေး ဖလားပြိုင်ပွဲ၌ နာမည်ကြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းသည် ဇန်နဝါရီ ၁၁ ရက်က စူပါဖလား ဆီမီးဖိုင်နယ်တွင် တွေ့ဆုံထားပြီး ရီးရဲမက်ဒရစ်အသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိထားသည်။ **အောင်ဇော်**

# ကမ္ဘာ့စစ်ပွဲကြီးများနှင့် ကုလသမဂ္ဂရှေ့ခရီး

မေယု-မျိုးအောင်

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ အမေရိကန်က အဏုမြူဗုံးတစ်လုံး ကြဲချခဲ့ရာ ထိုနေ့သည် သမိုင်းတစ်လျှောက် လူအသေအပျောက် အများဆုံးနေ့ ဖြစ်ခဲ့သည်။ နောက်သုံးရက်အကြာ ဩဂုတ်လ ၉ ရက်နေ့တွင် နာဂါဆာကီမြို့သို့ ဒုတိယမြောက် အဏုမြူဗုံးတစ်လုံးကို ထပ်မံကြဲချခဲ့ပြန်သည်။ ထိုစဉ်က ကြဲချခဲ့သော အဏုမြူဗုံးကြောင့် လူပေါင်း ၁၂၉၀၀၀ မှ ၂၂၆၀၀၀ အကြား သေဆုံးခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည်။ ထိုမြို့များရှိ အဆောက်အအုံပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရသည်။ အသက်ရှင်ကျန်ရစ်သူ အများအပြားသည်လည်း အဏုမြူရောင်ခြည်သင့်မှုကြောင့် နောက်ဆက်တွဲရောဂါဝေဒနာများကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်တွင် ဂျာမနီသည် လက်နက်ချခဲ့ပြီးဖြစ်သော်လည်း ဂျပန်က လက်နက်ချရန် ငြင်းဆန်နေသဖြင့် စစ်ပွဲအဆုံးသတ်ရန်အတွက် အမေရိကန်က အဏုမြူဗုံး အသုံးပြုခဲ့ခြင်းဖြစ်သည်။ ရွေးချယ်စရာမရှိသော ဂျပန်သည် ဩဂုတ် ၁၅ ရက်တွင် မဟာမိတ်များထံ လက်နက်ချခဲ့ရသည်။ လက်နက်ချ အခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် တိုကျိုပင်လယ်အော်၌ လက်မှတ်ရေးထိုးခြင်းဖြင့် ဒုတိယကမ္ဘာစစ် ပြီးဆုံးခဲ့သည်။ အမေရိကန်သည် ဂျပန်ကို အဏုမြူဗုံးဖြင့် အနိုင်ယူခဲ့သော်လည်း အရပ်သားများအပေါ် ပစ်မှတ်ထားမှုကြောင့် ပြင်းထန်သော ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

### ကုလသမဂ္ဂက နျူကလီးယားလက်နက် မပြန့်ပွားရေး အစီအစဉ်များ လုပ်ဆောင်ခဲ့

လွန်ခဲ့သောနှစ်ပေါင်း ၇၈ နှစ်က ဖြစ်ပွားခဲ့သော ဟီရိုရှီးမား၏ ကြေကွဲဖွယ် အနိဋ္ဌာရုံများသည် စစ်ပွဲများ၏ ဆိုးကျိုးကို အမှတ်ရစေပြီး စစ်ဆန့်ကျင်ရေး အဏုမြူလက်နက်ကင်းစင်သည့် ကမ္ဘာကြီးဖြစ်လာစေရေးအတွက် တွန်းအားဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် အဆိုပါဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မံမပေါ်ပေါက်စေရေးအတွက် နိုင်ငံအသီးသီးက နျူကလီးယားလက်နက် ထိန်းချုပ်ကန့်သတ်ရေး၊ လျှော့ချရေး၊ ဖျက်သိမ်းရေး၊ အဏုမြူဗုံးစမ်းသပ်ဖောက်ခွဲမှုများ မပြုလုပ်ရေးတို့အတွက် တောင်းဆိုမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ ကုလသမဂ္ဂက နျူကလီးယားလက်နက် မပြန့်ပွားရေးဆိုင်ရာ အစီအစဉ်များကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သည်။ အင်အားကြီးနိုင်ငံများ၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး အပြိုင်အဆိုင်ကြိုးပမ်းမှုများကြောင့် အောင်မြင်မှုများနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။

ကမ္ဘာကြီးသည် လက်ရှိတွင် စစ်အေးကာလနောက်ပိုင်း နျူကလီးယားလက်နက်များ အသုံးပြုလာနိုင်သည့် အမြင့်ဆုံးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ နျူကလီးယားလက်နက် ပိုင်ဆိုင်မှုများသည်လည်း ဆယ်စုနှစ်များအတွင်း ပို၍ကြီးထွားလာသည်။ စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး သုတေသနအဖွဲ့ကြီး(SIPRI)၏ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ နျူကလီးယားလက်နက် ပိုင်ဆိုင်ထားသောနိုင်ငံများရှိ နျူကလီးယားထိပ်ဖူးအရေအတွက် စုစုပေါင်းသည် ၁၂၅၁၂ ခုအထိရှိနေသည်။ ၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သော ချာနိုဘိုင်းနျူကလီးယားမတော်တဆမှုဖြစ်မှုသည်ပင်လျှင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့၌ ကြဲချခဲ့သော ဗုံးများ၏ ရောင်ခြည်ဖြာထွက်မှုထက် အဆ ၁၀၀ အထိရှိခဲ့ရာ ခေတ်သစ်နျူကလီးယားလက်နက်များ၏ အဖျက်စွမ်းအားများသည်ကား ဆိုဖွယ်ရာမရှိတော့ပြီ ဖြစ်သည်။

### တစ်နိုင်ငံနှင့်တစ်နိုင်ငံ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေး တောင့်တလာ

စစ်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝမှုနှင့် အရင်းအမြစ်များကို ဆုတ်ယုတ်စေရုံသာမက လူ့အသက်များကို လုယူခဲ့ကြသည်။ ဟီရိုရှီးမား၏ ကြောက်မက်ဖွယ်ကောင်းသော သင်ခန်းစာများသည် ယနေ့အထိတိုင် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် နှစ်ဆယ်ရာစု၏ပထမနှစ်ဝက်အတွင်း ကြီးမားကျယ်ပြန့်သည့် စစ်ကြီးနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်သည် ၁၉၁၈ ခုနှစ်တွင် ပြီးဆုံး၍ ၁၉၃၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်သည် ၁၉၄၅ ခုနှစ်တွင် ပြီးဆုံးခဲ့ရာ နှစ်ပေါင်း ၃၀ ကျော် ကာလအတွင်း စစ်မက်ဖြစ်ပွားချိန် ၁၀ နှစ်ကျော်ကြာမြင့်ခဲ့သည်။ စစ်ပွဲကာလအတွင်း လူသန်းပေါင်းများစွာ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြသည်။ ကမ္ဘာကြီးတွင် ကမ္ဘာစစ်များ ထပ်မံဖြစ်ပွားမှုမရှိစေရေးနှင့် စစ်မက်ဖြစ်ပွားလာမည့် အန္တရာယ်များကို ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးက ဝိုင်းဝန်းတားဆီးနိုင်ရန် စဉ်းစားလာကြရသည်။ နိုင်ငံတိုင်း ကြီးငယ်မဟူ တန်းတူရည်တူရှိခွင့်ကို လေးစားရန်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ရန်စမှုမရှိဘဲ လုံခြုံအေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို တောင့်တလာကြသည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကုလသမဂ္ဂစာချုပ်အား လက်မှတ်ထိုး၍ ကုလသမဂ္ဂအဖွဲ့ကြီးကို ထူထောင်ခဲ့ကြရာ အောက်တိုဘာ ၂၄ ရက်တွင် သက်တမ်းအားဖြင့် (၇၈) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့ကာလတွင် ရည်မှန်းချက် လမ်းကြောင်းပေါ်သို့ ရောက်ရှိရန် စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့နေရသည်။ ကမ္ဘာစစ်ကြီးအဆင့်သို့ မရောက်ရှိသေးသော်လည်း နေရာအနှံ့ ဖြစ်ပွားနေသော ဒေသဆိုင်ရာစစ်ပွဲများ၊ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်မှုများကို လက်ပိုက်ကြည့်နေရသည်။ နိုင်ငံတကာအကြမ်းဖက် တိုက်ခိုက်မှုများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ ရွှေ့ပြောင်းဒုက္ခသည်များအရေးကို မနိုင်မနင်း ဖြေရှင်းနေရသည်။ အင်အားကြီးနိုင်ငံအချို့၏ နိုင်ငံရေးဩဇာထူထောင်မှု၊ လွှမ်းမိုးမှု၊ နိုင်ငံရေးဘက်လိုက်မှုများ ရှိနေကြောင်း ဝေဖန်ခံနေရသည်။ နိုင်ငံများအကြား ပထဝီနိုင်ငံရေးအရ အားပြိုင်မှုများ၊ တင်းမာမှုများ ကြီးကြီးမားမား ဖြစ်ပေါ်နေသည်ဖြစ်ရာ အဆိုပါအချက်များက ကုလသမဂ္ဂအဖွဲ့ကြီး၏ ရှေ့ခရီးအတွက် ရတက်မအေးစရာဖြစ်သည်။

မျက်မှောက်ကာလတွင် ဖြစ်ပွားနေသော ယူကရိန်း-ရုရှားအရေးကို မူလက ရေတိုစစ်ပွဲဟုသာ ရှုမြင်ကြသော်လည်း ယခုအခါ ရေရှည်စစ်ပွဲအသွင်ဆောင်လာသည်။ လတ်တလောဖြစ်ပွားနေသော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် ထိန်းမနိုင်သိမ်းမရဖြစ်နေပြီး ဒေသအတွင်း စစ်မီးများ ကျယ်ပြန့်လာနိုင်သည့် အနေအထားသို့ရောက်ရှိနေသည်။ ကုလသမဂ္ဂအနေဖြင့် တားဆီးနိုင်စွမ်းမရှိ ဖြစ်နေရသည်။ လူအင်အား၊ လက်နက်အင်အားကြီးမားသည့် နိုင်ငံအချို့၏ ထင်ရာစိုင်းလုပ်ဆောင်နေမှုများကို တွေ့မြင်နေရသည်။ ရည်ရွယ်ချက်တူ နိုင်ငံများအုပ်စုဖွဲ့မှု၊ မဟာမိတ်ဖွဲ့မှု၊ လက်နက်အပြိုင်တပ်ဆင်မှု၊ ပထဝီနိုင်ငံရေးအရ အားပြိုင်မှုနှင့် စစ်အသုံးစရိတ်များကို ပိုမိုချဲ့ထွင်လာမှုများ ကြီးထွားနေသည်။ ပထမကမ္ဘာစစ် ပြီးဆုံးချိန်က တည်ဆောက်ခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီး ပြိုကွဲရခြင်း၏ အကြောင်းရင်းခံများနှင့် ထပ်တူနီးပါးဖြစ်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။ အောက်တိုဘာလ အစောပိုင်းက ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အစ္စရေး၌ လူ ၁၄၀၀ ကျော်သေဆုံးပြီး ဂါဇာတွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် လူ ၂၀၀၀၀ ကျော် သေဆုံးခဲ့သည်။ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ပဋိပက္ခအသီးသီးအနက် အချိန်တိုအတွင်း လူအသေအပျောက်အများဆုံး စစ်ပွဲဖြစ်သည်။

စစ်ဟူသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ အုပ်စုတစ်စုနှင့်တစ်စု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လက်နက်စွဲကိုင်၍ တိုက်ခိုက်ခြင်းဖြစ်သည်။ စစ်ရေးဆိုင်ရာ ကျွမ်းကျင်သူများက စစ်ကိုနိုင်ငံရေးရည်ရွယ်ချက်အပေါ်၌ အခြေပြုသော ပဋိပက္ခမျိုးဖြစ်ခြင်း၊ အဓမ္မအင်အား၊ စစ်လက်နက်အင်အားကို အသုံးချကာ တိုက်ခိုက်ကြသောရန်ဘက်အုပ်စု သို့မဟုတ် ရန်ဘက်နိုင်ငံများဖြစ်ခြင်း၊ အရွယ်ပမာဏအားဖြင့်လည်း အများက နိုင်ငံရေးအုပ်စုတစ်စုဟု သတ်မှတ်နိုင်လောက်သည့် အုပ်စု သို့မဟုတ် နိုင်ငံများ၊ ထိုပဋိပက္ခသည် အချိန်အားဖြင့်အတန်ကြာကြာ ဆက်လက်ဖြစ်ရခြင်း စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။

ဒုတိယကမ္ဘာစစ်သည် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။ ကမ္ဘာ့အင်အားကြီး မဟာမိတ်နိုင်ငံများနှင့် ဝင်ရိုးတန်းနိုင်ငံများက မဟာမိတ်နှစ်ဖွဲ့အပြိုင်ဖွဲ့၍ တိုက်ခိုက်ကြခြင်းဖြစ်သည်။ စစ်သည်ဦးရေ သန်း ၁၀၀ ကျော် ပါဝင်တိုက်ခိုက်ကြပြီး လူပေါင်းသန်း ၇၀ နီးပါး သေကျေပျက်စီးခဲ့သည်။ ဒေါ်လာသန်းပေါင်း တစ်သန်းခန့်မျှ ကုန်ကျခဲ့သော စစ်စရိတ်အကြီးဆုံး စစ်ပွဲဖြစ်ကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြကြသည်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ နည်းပညာများလည်း အံ့မခန်းထွန်းကားလာသည်။ ခေတ်မီစစ်လက်နက်များ၊ စစ်တပ်အင်အားများလည်း အဆမတန်များပြားလာသည်။ နိုင်ငံများ အုပ်စုဖွဲ့မှု၊ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှု၊ စစ်လက်နက်များ

**ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် နှစ်ဆယ်ရာစု၏ ပထမနှစ်ဝက်အတွင်း ကြီးမားကျယ်ပြန့်သည့် စစ်ကြီးနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်သည် ၁၉၁၈ ခုနှစ်တွင် ပြီးဆုံး၍ ၁၉၃၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်သည် ၁၉၄၅ ခုနှစ်တွင် ပြီးဆုံးခဲ့ရာ နှစ်ပေါင်း ၃၀ ကျော် ကာလအတွင်း စစ်မက်ဖြစ်ပွားချိန် ၁၀ နှစ်ကျော် ကြာမြင့်ခဲ့သည်။ စစ်ပွဲကာလအတွင်း လူသန်းပေါင်းများစွာ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြသည်။ ကမ္ဘာကြီးတွင် ကမ္ဘာစစ်များ ထပ်မံဖြစ်ပွားမှုမရှိစေရေးနှင့် စစ်မက်ဖြစ်ပွားလာမည့် အန္တရာယ်များကို ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးက ဝိုင်းဝန်းတားဆီးနိုင်ရန် စဉ်းစားလာကြရသည်။ နိုင်ငံတိုင်း ကြီးငယ်မဟူ တန်းတူရည်တူရှိခွင့်ကို လေးစားရန်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ရန်စမှုမရှိဘဲ လုံခြုံအေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးကို တောင့်တလာကြ**



ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်သို့ အဏုမြူဗုံးကြဲချနေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၁၁ သို့

# တိုင်းဒေသကြီးဝန်ကြီးချုပ် သမန်းကြီး-ကုက္ကိုစုမ်း-ညံတောအင်း မြေနီလမ်းသစ်ဖွင့်ပွဲ တက်ရောက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် စီးပွားရေးရာ ဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာ ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၄ ရက်က အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် သမန်းကြီး-ကုက္ကိုစုမ်း-ညံတောအင်း မြေနီလမ်းသစ်ကို တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။



**မြေနီလမ်းကို ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းရန်လို**

ဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတစ်ဝန်းတွင် ဒေသစုံဖွံ့ဖြိုး တိုးတက်စေရန်နှင့်ထုတ်ကုန်များ၊ သီးနှံများ သယ်ပို့ ရောင်းချနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကောင်းမွန်ရေးသည် အဓိကလိုအပ် ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေ ဖြင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုဖွင့်လှစ်ခဲ့သည့် မြေနီလမ်းအပါအဝင် လမ်းများအားလုံးကို ရေရှည်တည်တံ့ခိုင်မြဲရေး၊ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသော မြို့ပြများ ဖြစ်ထွန်းလာစေရေးတို့အတွက် ဒေသခံပြည်သူ များက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ မြေနီလမ်းသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သမန်းကြီး-ကုက္ကိုစုမ်း-ညံတောအင်း ကျေးရွာချင်းဆက်လမ်းသည် လမ်းအရှည် (၃/၆) မိုင် မြေသားတာပေါင်ချဲ့၍ မြေနီကျောက်စရစ် ၁၈ ပေ၊ အကျယ် ရှစ်လက်မ ထုခင်းကြိတ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂၆ ဒသမ ၉ သန်းဖြင့် တည်ဆောက် ခဲ့ခြင်း တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်ခဲ့ပြီး အနီးဝန်းကျင်ရှိ ကျေးရွာခြောက်ရွာမှ ဒေသခံ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် အချိန်တို အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ပို့ဆောင် နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း**
**(ဆင်ပေါင်ဝဲ)**

# လှိုင်လင်ခရိုင် မီးသတ်ဦးစီးဌာနမှူးရုံး၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**လှိုင်လင် ဇန်နဝါရီ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင် ခရိုင်မီးသတ်ဦးစီးဌာနမှူးရုံး၌ ခရိုင် အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ ရုံးသင်တန်း ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်က ယနေ့ဖွင့်လှစ် သည့် သင်တန်းသည် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖြစ် ကြောင်း၊ မျက်မှောက်ကာလတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်လေ့ ရှိကြောင်း၊ ထို့အပြင် ယာဉ်မတော်တဆမှု၊ မီးမတော်တဆမှုများတွင် မီးသတ်တပ်ဖွဲ့ ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ စုပေါင်းဖွဲ့စည်း ကာ ရှာဖွေကယ်ဆယ်မှုများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသည့် သင်ခန်းစာများကို စနစ်တကျ လေ့လာ မှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို လေ့လာကြည့်ရှုရာ ခရိုင်မီးသတ် ဦးစီးမှူးက လိုက်လံရှင်းလင်းပြီး အဆိုပါသင်တန်းသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ ဝင်များနှင့် သင်တန်းသား ၅၀ တက်ရောက်ကြကာ သင်တန်းကို ဇန်နဝါရီ ၂၃ ရက်အထိ သင်ကြားသွား မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်လင်မိုး**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ခေတ်မီဆန်းပြားလာမှုတို့သည် အတိတ် ကာလကကဲ့သို့ စစ်ပွဲကြီးများ ထပ်မံ ဖြစ်ပွားပါက လူအများသေကျေ ပျက်စီး မှုမှာ မတွေးဝံ့လောက်အောင်ပင် ဖြစ် သည်။ အင်အားကြီးနိုင်ငံများ၏ အမျိုးသား အကျိုးစီးပွားကာကွယ်ရေး မူဝါဒများ ရှေ့တန်းရောက်နေမှု၊ ပြဿနာ တစ်ရပ်ကို လက်နက်ကိုင်တိုက်ပွဲဖြင့် ဖြေရှင်းရန် စိတ်အားထက်သန်နေမှု၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းတစ်ခုခုကို အကြမ်းဖက် တိုက်ခိုက်မှုဖြင့်သာ ချေမှုန်းလိုမှုများ တည်ရှိနေသမျှ ကာလပတ်လုံး ကမ္ဘာကြီး၌ စစ်ပွဲများ တိုးပွားနေဦးမည်သာ ဖြစ်သည်။ လူ့သမိုင်းတစ်လျှောက်တွင် ဖြစ်ပွား ခဲ့သော စစ်ပွဲများသည် မုဆိုးမများ၊ မိဘမဲ့များ၊ ဒုက္ခိတများ၊ အကြွေးများနှင့် ဆင်းရဲမွဲတေမှုများကို သာ ဆိုးမွေအဖြစ် ချန်ရစ်ခဲ့ကြသည်။ လူမှုအသိုင်းအဝိုင်း နှင့် မိသားစုများကို ပျက်စီးစေပြီး စစ်မက်ဖြစ်ပွားရာ နိုင်ငံများ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားလုံးကို ဖျက်ဆီးပစ်သည်။

ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခြင်း၊ လူမှုအသိုင်းအဝိုင်းများ ပြိုကွဲခြင်း၊ စစ်ပြေးဒုက္ခသည် များပြားလာခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အခြေခံအဆောက် အအုံများ ဖျက်ဆီးခံရသဖြင့် စီးပွားရေး ကဏ္ဍတစ်ခုလုံး ပြိုဆင်းခြင်း၊ ငွေကြေး ဖောင်းပွမှု တိုးလာခြင်း စသည်ဖြင့် လူမှုစီးပွားဘဝ တစ်ခုလုံးအပေါ် သက်ရောက်မှုရှိသဖြင့် စစ်ပွဲ၏ပမာဏ ကျယ်ပြန့်လေ နိုင်ငံသားများ၏ ဆင်းရဲ မွဲတေမှုကြီးမားလေဖြစ်သည်။

ကမ္ဘာပေါ်တွင် ၂၀ ရာစု၏ ပထမ နှစ်ဝက်၌ ကမ္ဘာစစ်ကြီးနှစ်ခုကဲ့သို့သော ကြီးမားသည့် စစ်ပွဲများမှ လွတ်မြောက်ခဲ့ သော်လည်း ကလေးများသည်ဒေသဆိုင်ရာ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော ဝန်ထုပ်ဝန်ပိုးများကို ရင်ဆိုင်နေကြရဆဲ ဖြစ်သည်။ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခနှင့်စစ်ပွဲများအနက် ယူကရိန်းနှင့် ရုရှားပဋိပက္ခသည် မိဘမဲ့ကလေး သိန်းပေါင်းများစွာကို မွေးဖွားပေးနေ သော စစ်ပွဲဖြစ်သည်။ မကြာမီက စတင် ဖြစ်ပွားခဲ့သော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် အချိန်တိုအတွင်း ကလေး ငယ်ပေါင်း ၂၀၀၀ ကျော်ကို အသက်ဆုံးရှုံး စေခဲ့သည်။ ၁၀၀၀ နီးပါး ပျောက်ဆုံးနေဆဲ ဖြစ်ပြီး ကလေးငယ်များစွာကို မိဘမဲ့ ဘဝသို့ တွန်းပို့ခဲ့သည်။

မိဘများဆုံးရှုံးရမှုသည် လူ့ဘဝတွင် ခက်ခဲသည့်ကိစ္စဖြစ်သော်လည်း စစ်ပွဲ များအတွင်း မိဘဆုံးရှုံးနိုင်မှုမှာ အလွန် လွယ်ကူသည်။ အာဖဂန်နစ္စတန်စစ်ပွဲ သည် ကလေးငယ်များကို အပြင်းထန်ဆုံး ထိခိုက်စေခဲ့သည်။ အာဖဂန်နစ္စတန်တွင် စစ်ပွဲ စတင်ဖြစ်ပွားချိန်မှစ၍ နှစ် ၂၀ အတွင်း ကလေးငယ် ၃၃၀၀၀ နီးပါး သေဆုံးခဲ့သည်။ ငါးနာရီလျှင် ပျမ်းမျှ ကလေးတစ်ဦးကို ကိုယ်လက်အင်္ဂါချို့တဲ့မှု ဖြစ်ပေါ်ခဲ့ကြောင်း Save the Children က ဆိုသည်။ ကမ္ဘာ့အရပ်ရပ်တွင် လက်ရှိ ဖြစ်ပွားနေသော ပဋိပက္ခများ၌ အရပ်သား ပစ်မှတ်များ ဆက်တိုက်များပြားလာမှု နှင့်အတူ မိဘမဲ့ဖြစ်သွားရသည့် ကလေး သူငယ်များမှာလည်း အချိုးအစား မြင့်မားလျက်ရှိသည်။ UNICEF ၏ မှတ်တမ်းများက ပဋိပက္ခဒဏ်ခံရသော နိုင်ငံများတွင် ကလေးငယ် သန်း ၂၅၀ ကျော် နေထိုင်လျက်ရှိသည်။ ကမ္ဘာ တစ်ဝန်းရှိ ကလေးငယ်လေးဦးတွင် တစ်ဦးသည် ပဋိပက္ခ သို့မဟုတ် သဘာဝ ဘေးအန္တရာယ်ဇုန်တွင် နေထိုင်ကြသည်။ ယခုအခါ မိဘမဲ့ကလေးပေါင်း ခန့်မှန်း ခြေအားဖြင့် ၁၅၃ သန်းသို့ ရောက်ရှိခဲ့ပြီ ဟု ဆိုသည်။

စစ်ပွဲနှင့် ပဋိပက္ခများတွင် အချိန် မတန်မီ မိဘများ ဆုံးရှုံးခဲ့ရသော ကလေး များအနက် အချို့သည် မိဘမဲ့ဂေဟာ များသို့ ရောက်ရှိသွားကြသော်လည်း အချို့မှာ ကျန်ရစ်သူမိသားစုဝင်တစ်ဦး နှင့်အတူ နေထိုင်ရခြင်း၊ အာဟာရ ချို့တဲ့ခြင်း၊ ဆိုးရွားသောရောဂါဘယ များစွဲကပ်ခြင်း စသောအခြေအနေမျိုး ဖြင့် ရင်ဆိုင်ရလေ့ရှိသည်။ စစ်ပွဲကာလ အတွင်း မိသားစုမှ စွန့်ပစ်ခံခဲ့ရသော ကလေးများသည် ၎င်းတို့အား စောင့် ရှောက်ပေးမည့်သူမရှိသဖြင့် အဆင်းရဲ ဆုံး စစ်ဘေးဒုက္ခသည်များ ဘဝဖြင့် ရင်ဆိုင်ရလေ့ရှိသည်။ အဆိုပါကလေး များသည် လူကုန်ကူးမှု၊ ကလေးလုပ်သား အဖြစ်အလွဲသုံးခိုင်းစေမှု၊ အကြမ်းဖက်ခံရမှု၊ အလွဲသုံးစားပြုမှု အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ခြေ ပိုများလေ့ရှိသည်။ လူ့ဘဝတစ်လျှောက်တွင် မိသားစုမရှိ သောကလေးများသည် ကမ္ဘာပေါ်တွင် ထိခိုက်နိုင်ဆုံးသောသူများ ဖြစ်သည်။ ပဋိပက္ခများ၊ စစ်ပွဲများ၊ လူမျိုးရေးမငြိမ် သက်မှုနှင့် အရင်းအမြစ်ပြိုင်ဆိုင်မှုများ သည် သန်းပေါင်းများစွာသော ကလေး များကို မိဘမဲ့အဖြစ် တွန်းပို့လျက်ရှိသည်။ စစ်ပွဲနှင့် အကြမ်းဖက်မှုကင်းမဲ့သော၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သော အခြေအနေ တစ်ရပ်ကသာ ပဋိပက္ခအတွင်းရှိ ကလေးငယ်များ၏ အနာဂတ်ကို တောက်ပစေနိုင်မည်ဖြစ်သည်။

ကမ္ဘာတွင်ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အား ကြီးနိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ် များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင် လိုမှု၊ နိုင်ငံရေးအရ ယင်းတို့၏ သြဇာခံ အဖြစ်ထားရှိလိုမှုများကြောင့် ခေတ်သစ် စစ်ပွဲများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည် ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွား ရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန် ရေး စသည့်နည်းလမ်းများနှင့် ဘက်စုံ စစ်ပွဲအသွင် ဖော်ဆောင်ပြီး လုပ်ဆောင် လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာ များ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှု ကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိ လူသားများ ဦးဆောင်ကွပ်ကဲထိန်းချုပ် သည့် နည်းပညာအဆင့်မှ AI (Artificial Intelligence)ဟု ခေါ်သည့် ဉာဏ်ရည်တု နည်းပညာအသုံးပြု ကွပ်ကဲထိန်းချုပ်မှု နည်းပညာအဆင့်အထိ တိုးတက် ပြောင်းလဲလာသည်ကို တွေ့ရှိရမည်ဖြစ် သည်။ ခေတ်သစ်စစ်ပွဲများတွင် ဖြစ်ပေါ် လျက်ရှိသည့် စစ်မှုရေးရာ တော်လှန် ပြောင်းလဲမှု နည်းပညာများနှင့် ဉာဏ်ရည်တုနည်းပညာ(AI) အခန်း ကဏ္ဍကိုလည်း စဉ်ဆက်မပြတ်လေ့လာ သင်ယူနေကြရမည်ဖြစ်သည်။ ယနေ့ ကာလတွင် ကုလသမဂ္ဂ၏သြဇာ တဖြည်းဖြည်း ကျဆင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စိန်ခေါ်မှု များစွာရှိနေသော်လည်း မူလရည်ရွယ် ချက်အတိုင်း ကမ္ဘာကြီးတွင် ဖြစ်ပေါ် နေသော မငြိမ်းချမ်းမှု၊ ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမရှိမှု၊ ဆာလောင်မွတ်သိပ် မှုနှင့် အမုန်းတရားများကြောင့် လူသား များ၏ ဆင်းရဲဒုက္ခခံစားနေရမှုတို့ကို အဆုံးသတ်ရန် လုပ်ဆောင်ကြရပေဦး မည်ဖြစ်သည်။ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိစေမည့် ပြုပြင် ပြောင်းလဲမှုများကိုလည်း ဆက်လက် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါ ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဘားအံတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

ဘားအံ ဇန်နဝါရီ ၁၅

**ကရင်ပြည်နယ် ဘားအံတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ) ပထမနှစ်သင်တန်း ကျောင်းသား ကျောင်းသူများအား ကြိုဆိုသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**



မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်အတွက် ကရင်ပြည်နယ်အတွက် လက်ဆင့်ကမ်းတာဝန်များကို ထမ်းရွက်နိုင်ရန် အမိတက္ကသိုလ်ကြီးမှ တတ်သင့်တတ်ထိုက်သည့် အတတ်ပညာများ၊ သိသင့်သိထိုက်သည့် အသိပညာများကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူပြီး နိုင်ငံတော်မှအားထားရမည့် သားကောင်း၊ သမီးကောင်းများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။(ယာပုံ)

### သီဆိုကပြဖျော်ဖြေ

ထို့နောက် ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးက ဘားအံတက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မောင်မယ်သစ်လွင်များကို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ဘားအံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "မြကျွန်းညိုညို"၊ "ဒို့တက္ကသိုလ်" တေးသီချင်းများဖြင့်လည်းကောင်း၊ ၂၀၂၄ ခုနှစ် စာတတ်မြောက်ရေး လှုပ်ရှားမှုကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "ပြည်သူ့နှလုံး အ သုံးလုံး" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေ၍ မောင်မယ်သစ်လွင်များအား ကြိုဆိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားအတွက် ငွေကျပ် ၁၀ သိန်းကို ဘားအံတက္ကသိုလ်ပါမောက္ခချုပ်ထံ ထောက်ပံ့ပေးအပ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘားအံတက္ကသိုလ် KING နှင့် QUEEN အမည်စာရင်းကို ကြေညာကာ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းတို့က KING နှင့် QUEEN ရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

### အားပေးစကားများပြောကြား

ဘားအံတက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ်ဌာန ရှစ်ခုနှင့် သိပ္ပံဘာသာရပ်ဌာန ခြောက်ခု စုစုပေါင်း သင်ကြားရေးဌာန ၁၄ ခုတွင် အသစ်ဖွင့်လှစ်သည့် အသုံးချဘာသာရပ် နှစ်ခုအပါအဝင် ဘာသာရပ်ပေါင်း ၁၆ ခုကို သင်ကြားပေးနေပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ ပထမနှစ်သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၄၈၄ ဦး ကျောင်းအပ်နှံပြီး ဘာသာရပ်ပေါင်းစုံတွင် တက်ရောက်ပညာသင်ကြားကြမည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မောင်မယ်သစ်လွင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကြသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ မျိုးစိတ်အသစ်များအား ကာကွယ်နိုင်ရန် ထပ်ဆောင်းကာကွယ်ဆေး Pfizer များကို ယနေ့ နံနက်ပိုင်းမှစတင်၍ စုရပ်များခွဲကာ ဦးတည်အုပ်စုများအလိုက် ထိုးနှံပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

### ကာကွယ်ဆေးထိုးနှံပေး

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သုံးထပ်တိုးချဲ့လူနာဆောင်၌ ကျန်းမာရေးဝန်ထမ်းများအား ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ကာကွယ် ဆေးထိုးခံယူခဲ့ကြကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### တိုးချဲ့ထိုးနှံပေးသွားမည်

ဘားအံမြို့တွင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သုမေဓာရာမ ကြားတောရကျောင်းတိုက်၊ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် မြို့နယ်စုပေါင်းရုံးတို့တွင် စုရပ်များသတ်မှတ်၍ အသက် (၅၀) နှစ်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် (၆၅) နှစ်နှင့်အထက် ပြည်သူများ၊ အသက်(၁၈)နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးလျက်ရှိကြောင်းနှင့် တိုးချဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးဆောင်သည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။



### ကျန်းမာရေးစောင့်ရှောက်မှုပေး

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့က ရွာဝင်ရွာထွက်လမ်းများနှင့် ရွာချင်းဆက်လမ်းများ ကွန်ကရစ်လမ်းခင်းနိုင်ရေး တိုင်းတာခြင်းများ ဆောင်ရွက်ခြင်း၊ ရေရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဖော်ဆောင်ပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားနှင့် ဝက်များကို ကာကွယ်ဆေးနှင့် အားဆေးများ ထိုးပေးခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ဆက်သွယ်ရေး ကောင်းမွန်စေရေး တာဝါတိုင်များ တည်ဆောက်နိုင်ရေး တိုင်းတာခြင်း စသည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

### ပြည်သူများနှင့်တွေ့ဆုံ

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် အဖွဲ့သည် ရွာသစ်ကုန်းကျေးရွာ အောင်ဇမ္ဗူကျောင်းတိုက်၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲ တာဝန်ခံ၊ ကျောင်းအုပ် ဆရာမကြီး၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

### နှစ်ရှည်သီးနှံပင်များစိုက်ပျိုး

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မြေပြန့်နှင့်တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှု မရှိစေရေးအတွက် ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးရှိမှသာ ဒေသဖွံ့ဖြိုးရေးဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့သည် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေးရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဒေသသည် စိုက်ပျိုးရေးကဏ္ဍတွင် များသောအားဖြင့် ဥယျာဉ်ခြံမြေများကိုသာ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးစေလိုပြီး နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရွာသစ်ကုန်းကျေးရွာ အောင်ဇမ္ဗူကျောင်းတိုက် ဆရာတော်ထံ ဆန်၊ ဆီ၊ ဆေးဝါး၊ သင်္ကန်း၊ ခေါင်းအုံး၊ စောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျေးရွာနေ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ကုန်ပစ္စည်း၊ စာရေးကိရိယာများပေးအပ်ခြင်း၊ ပြည်သူ့စစ်အဖွဲ့ဝင်များအား ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းနှင့် ဆေးဝါးများကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသား ပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတို့ကို တင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြပြီး ရွာသစ်ကုန်းကျေးရွာ ကျေးရွာခွဲ တာဝန်ခံက ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် အခြေခံပညာ အလယ်တန်းကျောင်း အသစ်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများကို စားသောက်ဖွယ်ရာများ ပေးဝေ၍ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းဆရာ ဆရာမများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

### နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

ညပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ကျောက်ဖျာကျေးရွာရှိ ဒေသခံ သက်ကြီးရွယ်အိုများကို နေပြည်တော်ကုသရေးဦးစီးဌာန၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က ပစ်လွှတ်လိုက်သော သင်္ဘောဖျက်ဒုံးကျည်ကို အမေရိကန်ရေတပ်က ကြားဖြတ်ပစ်ချ



**ဆာနား ဇန်နဝါရီ ၁၅**

အမေရိကန် ရေတပ်တိုက်ခိုက်ရေး သင်္ဘောရှိရာသို့ ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က ပစ်လွှတ်လိုက်သော သင်္ဘောဖျက်ခရုဇ်ဒုံးကျည် တစ်စင်းကို အမေရိကန်ရေတပ်က ပစ်ချနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁၅ ရက် နံနက်အစောပိုင်းက ထုတ်ပြန်ချက်တွင် အမေရိကန် ဗဟိုဌာနချုပ်က ပြောသည်။

ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ပင်လယ်နီတောင်ပိုင်းတွင် လှုပ်ရှားဆောင်ရွက်နေသော အမေရိကန်ရေတပ်ဖျက်သင်္ဘောရှိရာသို့ ပစ်လွှတ်လိုက်သော ဒုံးကျည်ကို အမေရိကန်တိုက်လေယာဉ်က ဟိုဒိုင်ဒါ ကမ်းရိုးတန်းအနီးတွင် ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ဗဟိုဌာနချုပ်က ပြောသည်။

ဇန်နဝါရီ ၁၄ ရက် တစ်ချိန်တည်းတွင် အမေရိကန်-ဗြိတိန်ရေကြောင်း မဟာမိတ်အဖွဲ့၏ စစ်လေယာဉ် တစ်စင်းက ဟိုဒိုင်ဒါဆိပ်ကမ်းမြို့ မြောက်ပိုင်းရှိ အဖွဲ့စခန်းတစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့က ပြောသည်။ သို့သော်လည်း အမေရိကန်တာဝန်ရှိသူများက အဆိုပါ စွပ်စွဲချက်ကို ငြင်းဆိုထားသည်။

အောက်တိုဘာ ၇ ရက်တွင် အစ္စရေး-ဟားမားစ်တို့အကြား ပဋိပက္ခ စတင်ဖြစ်ပွားမှုနောက်ပိုင်း ပင်လယ်နီတွင် ၎င်းတို့၏ တိုက်ခိုက်မှုများကို ဟူသီအဖွဲ့က အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ တိုက်ခိုက်မှုများသည် ပဋိပက္ခအဆုံးသတ်ရေးအတွက် အစ္စရေးကို ဖိအားပေးရန်အလို့ငှာ အစ္စရေးနှင့် ဆက်နွယ်မှုရှိသော စီးပွားရေးလုပ်ငန်းသုံး သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၌ ခရီးသွားများနှင့်ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်ရန်မျှော်မှန်း

**ဗီယန်ကျင်း ဇန်နဝါရီ ၁၅**





လာအိုနိုင်ငံ မြို့တော် ဗီယန်ကျင်းရှိ ညဈေးတစ်ခု၌ ခရီးသွားများ လာရောက်လည်ပတ်သည်ကို တွေ့ရစဉ်။

လာအိုနိုင်ငံမြောက်ပိုင်း ဟွာဖန်ပြည်နယ်သည် "Visit Laos Year 2024" အတွင်း ခရီးသွားများနှင့် ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်ရန် မျှော်မှန်းလျက်ရှိသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူး ခမ်းဖိန်းစေးဆွန်ဖိန်းက "လာအိုယဉ်ကျေးမှု၊ သဘာဝနှင့် သမိုင်း၏ သုခဘုံ" "Visit Laos Year 2024" ဆောင်ပုဒ်နှင့်အညီ ဟွာဖန်းခရီးသွားလာရေးအစီအစဉ် စတင်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပသည်။ ၂၀၂၃ ခုနှစ်က ဟွာဖန်းပြည်နယ်သို့ ခရီးသွား ၄၅၀၀၀ ထက်မနည်း လာရောက်လည်ပတ်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။။

ဟွာဖန်း ပြည်နယ်သည် မြို့တော် ဗီယန်ကျင်း၏ အရှေ့မြောက်ဘက် ၃၁၀ ကီလိုမီတာခန့်တွင် တည်ရှိသည်။ ထို့ပြင် ချယ်ရီပန်းများနှင့် မက်မွန်ပင်များက ခရီးသွားများကို ဆွဲဆောင်လျက်ရှိပြီး လာအိုနိုင်ငံ ဟွာဖန်းပြည်နယ်ရှိ မက်မွန်ပန်း ပွဲတော်မှာ နှစ်စဉ် လူပေါင်း ၂၀၀၀၀ ဝန်းကျင်ခန့် လာရောက် လည်ပတ်ကြောင်း ပြည်နယ် သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ လာအိုအစိုးရက ၂၀၂၄ခုနှစ်အတွင်း အနည်းဆုံးခရီးသွား ၂ ဒသမ ၇ သန်းထက် မနည်းဆွဲဆောင်ပြီး ယင်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၀၁ သန်းခန့် ရရှိမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ ငလျင်ဒဏ်သင့်ဒေသ၌ ရှာဖွေရေးလုပ်ငန်းများ ရာသီဥတုဆိုးရွားမှုကြောင့် အခက်တွေ့နေ

**တိုကျို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံအလယ်ပိုင်း၌ နှစ်သစ်ကူးနေ့တွင် အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးသည်မှာ ရက်သတ္တ နှစ်ပတ်ရှိလာပြီဖြစ်ပြီး လူပေါင်း ၂၂၂ ဦး သေဆုံးကြောင်းနှင့် ၂၂ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် အခက်အခဲ ကြုံတွေ့နေရကြောင်း သိရသည်။ လက်ရှိတွင် ၎င်းတို့သည် မြေပြိုကျမှုဖြစ်ပွားသည့် နေရာများတွင် ပျောက်ဆုံးနေသူများကို ရှာဖွေရန်အတွက် အကြီးစားစက်ပစ္စည်းကိရိယာများကို အသုံးပြုသွားရန် စီစဉ်နေသည်။ လူပေါင်း ၁၆၀၀၀ ကျော် နေထိုင်လျက်ရှိသော ဘေးလွတ်ရာပြောင်းရွှေ့နေရာ အများအပြားတွင် သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေလျက်ရှိသည်။

ရက်သတ္တနှစ်ပတ် ကြာမြင့်သည့်တိုင် အလုံးစုံပျက်စီးဆုံးရှုံးမှုအတိုင်းအတာကို မသိရသေးပေ။ အသက်ရှင်လွတ်မြောက်သူများအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ထူထောင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်နိုင်ငံ၌ ပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာသူ ၇ ဒသမ ၄ သန်းကျော်ရှိ

**ခါတွန် ဇန်နဝါရီ ၁၅**

ဆူဒန်နိုင်ငံ၌ ၂၀၂၃ ခုနှစ် ဧပြီလမှစကာ ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့ (အက်စ်အေအက်ဖ်)နှင့် အာအက်စ်အက်ဖ်လက်နက်ကိုင်အဖွဲ့အကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် လူပေါင်း ၇ ဒသမ ၄ သန်းကျော် ပြည်တွင်း ပြည်ပသို့ နေရာပြောင်းရွှေ့ခဲ့ရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(အိုစီအိတ်ချ်အေ)က ဇန်နဝါရီ ၁၄ ရက်က ပြောကြားသည်။

ဆူဒန်၌ ပြီးခဲ့သည့်လက နေရာပြောင်းရွှေ့ရသူအရေအတွက်မှာ ၆၁၁၀၀၀ ခန့်ရှိရာမှ ယခု တိုးလာခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံ၏ ကောက်ပဲသီးနှံထွက်ရှိသည့် ဒေသများဖြစ်သည့် နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် အဆိုပါအဖွဲ့နှစ်ခုအကြား တိုက်ပွဲဖြစ်ပွားမှုမြင့်တက်ခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များ သိသိသာသာတိုးလာကြောင်း သိရသည်။

၂၀၂၄ ဆူဒန်လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များနှင့် တုံ့ပြန်မှုစီမံချက်အယူခံမှာ ဇန်နဝါရီ ၁၄ ရက်အထိ ၃ ဒသမ ၁ ရာခိုင်နှုန်းသာ ထောက်ပံ့ခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

ဆူဒန်နိုင်ငံ၌ ပြီးခဲ့သည့်နှစ် ဧပြီ ၁၅ ရက်မှစကာ ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့(အက်စ်အေအက်ဖ်) နှင့် အာအက်စ်အက်ဖ်အဖွဲ့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၁၂၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။ **ဆင်ဟွာ**





ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုး၌ မုန်တိုင်းကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၁ ဦးထက်မနည်းရှိ

**ဆော်ပိုလို ဇန်နဝါရီ ၁၅**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ရီယိုဒီဂျနေးယိုးမြို့တွင် မကြာသေးမီက တိုက်ခတ်သည့် မုန်တိုင်းကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားသဖြင့် လူ ၁၁ ဦးထက်မနည်း သေဆုံးကြောင်း ဒေသတွင်း အာဏာပိုင်များက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါ မုန်တိုင်းမှာ ဇန်နဝါရီ ၁၄ ရက်အစောပိုင်းက မြို့တော် မြောက်ပိုင်း ဒေသများအပြင် အနီးအနားရှိ နီတာရို၊ ဒူကီဒီကာဆက်၊ ဘယ်ဖို့ရော့ဇိုနှင့် စီရို ဂျိုးဒီမာရီတီမြို့တို့တွင်လည်း တိုက်ခတ်ခဲ့ကြောင်း သိရသည်။ ရေကြီးမှုကြောင့် ရာနှင့်ချီသည့်ပြည်သူများ နေရာများမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း မီးသတ်ဌာနက ပြောသည်။

မြို့တော်ဝန် အက္ကာဒိုပဲ့စ်က ရေကြီးမှုကြောင့် ဘေးသင့်ပြည်သူများကို စောင့်ရှောက်ရန် အရေးပေါ် အခြေအနေတစ်ရပ် ကြေညာခဲ့သည်။

**ဆင်ဟွာ**

## ပန်းမုန်လာပွင့်(ခေါ်)ပန်းဂေါ်ဖီဈေးကောင်းမွန်သဖြင့် တောင်သူများအကျိုးအမြတ်ရရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်းစသည့် ကျေးရွာများသည် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ တောင်သူများအနေဖြင့် ပန်းမုန်လာကို စက်တင်ဘာနှင့် အောက်တိုဘာလဆန်းတွင် ပျိုးထောင်၍ ၃၅ ရက်သားတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း သိရသည်။



ပန်းမုန်လာ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များအနေဖြင့် မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ကျပ် ရှစ်သိန်း ကုန်ကျပြီး ဈေးနှုန်းအနေဖြင့် ပန်းမုန်လာအရွယ်အစားပေါ် မူတည်၍ တစ်ပွင့်လျှင် ငွေကျပ် ၁၅၀၀-၂၀၀၀ ခန့်အထိ ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ကျေးရွာများအထိ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် မြို့ပေါ်ပွဲရုံများနှင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများအထိပါ တင်ပို့ရောင်းချလျက်ရှိရာ ဝင်ငွေအနေဖြင့် ကျပ် ၁၅ သိန်းခန့်ရရှိကာ အကျိုးအမြတ်အနေဖြင့် ကျပ် ခုနစ်သိန်းခန့် ရရှိသည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

## ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ဒေါ်လာ ၁၅ ဒသမ ၂၇၅ သန်း၊ သွင်းကုန် ဒေါ်လာ ၁ ဒသမ ၀၈၅ သန်း စုစုပေါင်း ဒေါ်လာ ၁၆ ဒသမ ၃၆၀ သန်းဖြင့် ၈၃ ဒသမ ၈၉၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၁၇ ဒသမ ၀၀၀ သန်းနှင့် သွင်းကုန် ဒေါ်လာ ၂ ဒသမ ၅၀၀ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၁၉ ဒသမ ၅၀၀ သန်း ဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၁၅ ဒသမ ၂၇၅ သန်း၊ သွင်းကုန် ဒေါ်လာ ၁ ဒသမ ၀၈၅ သန်း စုစုပေါင်း ဒေါ်လာ ၁၆ ဒသမ ၃၆၀ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၃ ဒသမ ၈၉၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ဇန်နဝါရီ ၁၄ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တန် ၄၁၁၅၀၊ တန်ဖိုး ဒေါ်လာ ၁၄ ဒသမ ၃၀၆ သန်း၊ ဖရဲသီး ၃၂၅ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၄၈ သန်း၊ မြေပဲဆန် ၃၄ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၃၇ သန်း၊ နှမ်းနက် ၃၃၆ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၄၆၄ သန်း၊ ရော်ဘာ ၁၀၅ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၄၅ သန်း၊ ငရုတ်သီး ၂၈၂ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၈၂ သန်း၊ ဆန် တန် ၁၄၀၊ တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၈၀ သန်းနှင့် ရွှေဖရုံသီး တန် ၁၂၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁၂ သန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၂၆၀ ဒသမ ၆၄ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၂၆၉ သန်း၊ လုပ်ငန်းသုံးပစ္စည်း ၅၅၆ ဒသမ ၆၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၃၉၂ သန်းနှင့် လူသုံးကုန်ပစ္စည်း ၆၅၉ ဒသမ ၈၀ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၄၂၀ သန်းတို့ တင်သွင်းနိုင်ခဲ့သည်။

DOT (ကံပိုင်တည်)

## မုံရွာမြို့နယ်ထွက်ကွမ်း ဈေးကောင်းရရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။



မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ် မူတည်၍ ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကွမ်းတစ်ပိဿာလျှင် ကျပ် ၁၀၀၀၀-၁၁၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ဇန်နဝါရီလ ပထမပတ်တွင်ကျပ် ၁၁၀၀၀-၁၃၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ဇန်နဝါရီလ ဒုတိယပတ်တွင် ကျပ် ၁၄၀၀၀-၁၆၀၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ ဆောင်းရာသီတွင် ကွမ်းအထွက်နှုန်းများ လျော့နည်းပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု နည်းပါးကာ ဈေးကောင်းရရှိလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)

## ဆောင်းနေကြာနှင့် ဆောင်းမြေပဲသီးနှံ စိုက်ပျိုးမှုအခြေအနေ

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် တောင်သူများ သွင်းအားစု အမှန်တကယ်သုံးစွဲမှုရှိစေရေး၊ အရည်အသွေးပြည့်မီသည့် သီးနှံများအထွက်နှုန်းကောင်းမွန်စွာ ရရှိစေရေး၊ ထွက်ရှိလာသည့်သီးနှံများကို အစုအဖွဲ့စနစ်ဖြင့် ရောင်းချနိုင်ရေးရည်ရွယ်၍ ဆီထွက်သီးနှံများဖြစ်သော ဆောင်းနေကြာ ၆၃၀၂ ကေနှင့် ဆောင်းမြေပဲ ၄၆၃၁ ကေကို စိုက်ပျိုးရန်လျာထားလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်းနေကြာသီးသန့် စိုက်ကေ ၃၃ ကေနှင့် သီးညှပ်စိုက် ကေ ၁၂၁၁ ကေ စုစုပေါင်း စိုက်ပျိုးပြီး ကေ ၁၂၄၄ ကေနှင့် ဆောင်းမြေပဲကေ ၅၂၃၇ ကေကို အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကံမမြို့နယ် ကျေးရွာအုပ်စု ၅၄ အုပ်စုအတွင်းရှိ ဓမ္မသော်ကျေးရွာအုပ်စု ဓမ္မသော်ကျေးရွာတွင် ဆောင်းနေကြာသီးနှံကေ ၃၉၃ ကေ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

## ၁၅-၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၆၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၃၉၀၀ | ၁၇၅၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၇၇၀၀ | ၁၁၀၀ | ၉၅၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၇၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၁၆၀၀၀ | ၂၈၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၅၀၀ | ၃၅၀၀၀ | ၅၄၀၀ | ၆၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၆၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၉၅၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၃၀၀ | | ၅၃၀၀ | ၁၂၅၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၈၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀(သစ်) | | ၆၇၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၀၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ**စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား- ၁၄ (Font Size 14) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1'' ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည် ဖြစ်ပါသည်။
(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင် ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့် စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။
(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။
(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါးစိစစ်ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်းငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၉၃၅၇၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်းစသည့် စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

## မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မိတ္ထီလာအခြေပြုဘာသာရေး နီးနွယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီ၊ မြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ ပူးပေါင်းကျင်းပသော အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဘာသာရေးနီးနွယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မိတ္ထီလာအခြေပြု ဘာသာရေးနီးနွယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနာယက ဆရာတော်ဘဒ္ဒန္တသုမနက အဖွင့်သြဝါဒမိန့်ကြားသည်။ ဆက်လက်၍ အဆိုပါ ကော်မတီဥက္ကဋ္ဌ ထီလာလိတ်ဗျူးဟိုတယ်ပိုင်ရှင် ဦးသန်းစိုးက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို ဆက်လက်ပြုလုပ်ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကျောင်းသား ကျောင်းသူ လူငယ်များရဲ့ အင်္ဂလိပ်စာစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်နှင့် ကျင်းပသည့် ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၄၇ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြောသည်။ အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကို ဇန်နဝါရီ ၁၆ ရက်တွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ပျော်ဘွယ်မြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေး အစီအစဉ်ကျင်းပ

**ပျော်ဘွယ် ဇန်နဝါရီ ၁၅**

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး (KAERU CARAVAN) အစီအစဉ်ကျင်းပခြင်းကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကလေး သူငယ်များလုံခြုံမှု ရှိစေရန် လိုအပ်ကြောင်း၊ အရေးပေါ်အချိန်တွင် ကလေးသူငယ်များ မိမိကိုယ်မိမိ ကာကွယ်နိုင်ရန်အတွက် ယခုအစီအစဉ်ကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ဆွေးနွေးပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဉာဏ်စမ်းသုတအမေးအဖြေများ၊ မီးသတ်ဆေးဘူးနှင့် အခြားပစ္စည်းများ အသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်နည်းများ၊ အရေးပေါ်အခြေအနေတွင် ဒဏ်ရာရလူနာ သယ်ဆောင်နည်းများ၊ ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုနည်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက မိမိနှင့်တစ်ပါတည်း ယူဆောင်ရမည့်ပစ္စည်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကစားနည်းစနစ်ပုံစံဖြင့် လေ့ကျင့်သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး**
**(ပျော်ဘွယ်)**

## ဝဲကြီးရေလှောင်တမံမှ တောင်သူများအတွက် နွေစပါးစိုက်ပျိုးရေပေးဝေမှု စတင်

**ပေါင်းတည် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးရေးအတွက် ယနေ့နံနက် ၆ နာရီမှစ၍ ဝဲကြီးရေလှောင်တမံသိုလှောင်ရေများကို လက်ဝဲ၊ လက်ယာ တူးမြောင်းမကြီးများမှတစ်ဆင့် စိုက်ပျိုးရေး ရေများ စတင်ပို့လွှတ်ပေးဝေနေပြီ ဖြစ်ကြောင်း သိရသည်။



အဆိုပါ ရေပေးဝေမှုသည် နိုင်ငံ့စီးပွား မြှင့်တင်ရေးနှင့် တောင်သူများအနေဖြင့် နွေစပါးကို ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး တောင်သူများ၏ လူမှုဘဝ မြှင့်တင်နိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ခြင်းဖြစ်ပြီး စိုက်ပျိုးရေ စတင်ရရှိနေပြီဖြစ်၍ တောင်သူများသည် မြို့နယ်နှင့် ကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အဖွဲ့များနှင့် ပူးပေါင်း၍ လုပ်ငန်းခွင်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ပေါင်းတည်မြို့နယ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နွေစပါး ၂၂၈၁၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**သူရကြီး**
**(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင်ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည် ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်းနှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည် ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ငွေရှာနည်းစိတ်ပညာ | Dr. Phyo Min Tun | ဦးနေမျိုးညွန့် စာပေလောကစာအုပ်တိုက် |
| ၂။ | အလဲအလှယ် (လိုတရနှင့်အခြား ဝတ္ထုတိုများ) စတုတ္ထအကြိမ် | မေတ္တာရှင် (ရွှေပြည်သာ) | ဦးစိုးမြင့် ရွှေပြည်သာစာပေ |
| ၃။ | မုန်တိုင်းကြားက နှင်းဆီနီ | စုဟန်နီ | ဦးအာကာကျော် လမ်းပြကြယ်စာပေ |
| ၄။ | အမှောင်နှစ်တွေထဲက သင်ခန်းစာ | စီစီလီယန် | ဦးဝင်းသူရလွင် အိပ်မက်အသစ်စာပေ |
| ၅။ | ဝတ်မှုန်သစ် ပြေးလမ်းကဗျာများ | မြတ်မိုးလတ် | ဦးသန်းဝင်း ပွင့်ပန်းသစ္စာစာပေ |
| ၆။ | မောင်ကိုကို ဝတ္ထုတိုပေါင်းချုပ် | မောင်ကိုကို အမရပူရ | ဦးကျော်ဇင် ကံ့ကော်ဝတ်ရည်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၀ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စုပေါင်းကာကွယ် ကောလာဟလအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ၁၇ရက်မွန်းလွဲ၁နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများ၏ ဘုရားပုထိုးများဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**



ကျေးရွာနှင့် ရပ်ကွက်များရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ သုတရသစာအုပ် ၅၁၄ အုပ်ကို အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းသော စာအုပ်များမှာ ရာမညကိုကိုဝင်း ရေးသားပြုစုသည့်မှတပါး အခြားမရှိ မဟာသတိပဋ္ဌာန် မြန်မာပြန်ကျမ်းစာအုပ်၁၅၀ (တန်ဖိုးငွေကျပ် ၁၈ သိန်း)၊ I-Engineering Myanmar Ltd ကုမ္ပဏီဝန်ထမ်းများက သုတ/ ရသစာအုပ် ၃၄၁ အုပ် (တန်ဖိုးငွေကျပ် ၁၅ သိန်း) နှင့် ကမာရွတ်မြို့နယ် သံလွင်လမ်းမှ ဒေါ်တင်လှိုင် လှူဒါန်းသော (၃၃)က ပြောပြသော ဆရာဝဖိုင်နော်ကြောင်း စာအုပ် ၂၃ အုပ်တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စာပေဖတ်ရှုပြီး အသိပညာ ဗဟုသုတ တိုးပွားလာစေရန် သုတရသ စာအုပ်များကို ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် နှစ်စဉ်ဝယ်ယူ၍ ထောက်ပံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆောက်လုပ်ရန်ထောက်ပံ့ခြင်း၊ အလှူရှင်များက လှူဒါန်းသော စာအုပ်များကို လက်ခံ ပေးပို့ခြင်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်၍ အလှူငွေနှင့် စာအုပ်များ လှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း-၀၉၅၁၄၂၅၆၄၊ ရုံးအဖွဲ့မှူး ဖုန်း-၀၉၄၂၀၇၀၀၃၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြင်းမူမြို့နယ်ထွက် ပဲစင်းငုံများ ဈေးကောင်းရ

**မြင်းမူ ဇန်နဝါရီ ၁၅**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်မှ စတင်ထွက်ရှိလာသည့် ပဲစင်းငုံများ တစ်တင်းလျှင်ငွေကျပ် ၁၃၀၀၀၀ နှုန်းဖြင့် ရောင်းချနေရကြောင်း သိရသည်။

ပဲစင်းငုံသီးနှံသည် သီးသန့်စိုက်ပျိုးစရာမလိုဘဲ ကဆုန်လများတွင် စိုက်ပျိုးသည့် မိုးဦးနှမ်းဖြင့်လည်းကောင်း၊ မြေပဲစိုက်ခင်းများတွင်လည်းကောင်း သီးညှပ်အဖြစ် စိုက်ပျိုးလေ့ရှိသဖြင့် ကုန်ကျစရိတ်အလွန်နည်းပါးသော သီးနှံဖြစ်ကြောင်း သိရသည်။ အဓိကစိုက်ပျိုးသည့်မျိုးများမှာ မုံရွာရွှေဒင်းဂါးမျိုးဖြစ်ပြီး တစ်ဧက တင်း၂၀ နီးပါးထွက်ရှိကာ ပဲစင်းငုံတစ်တင်းလျှင် လက်ရှိပေါက်ဈေး ငွေကျပ် ၁၃၀၀၀၀ဖြင့် ရောင်းချနေရသဖြင့် တစ်ဧကဝင်ငွေကျပ်သိန်း ၂၀ ကျော် ရရှိနေကြောင်း မြင်းမူမြို့တပင်ရွှေထီးရပ်မှ တောင်သူဦးသဲမောင်ထံမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၃၄၈၆၈ ဧကစိုက်ပျိုးနိုင်ပြီး ယခုချိန်အထိ၂၃၆၅၇ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ ပျမ်းမျှတစ်ဧကလျှင် ၁၇ ဒသမ ၇၅ တင်းထွက်ရှိကြောင်းတာဝန်ရှိသူထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



## တောင်တွင်းကြီးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၅**

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန်၊ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်စေရန် ရည်ရွယ်ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်စသည်တို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မြို့နယ် ပြည်သူ့ စာကြည့်တိုက်တွင် ပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များအား လေ့လာခဲ့ကြသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**

# ပျော်ပျော်ပါးပါး ကြက်တောင်ကစားကြမလား

*အားကစားဝါသနာရှင်တစ်ဦး*

**အိမ်ရှေ့ဥပစာမြေကွက်လပ်တစ်ခုတွင် သမီးငယ်နှစ်ဦး ကြက်တောင်ရိုက်ဆော့ကစားနေကြသည်။ ဟေမန္တရာသီဆောင်းနံနက်ခင်းက အေးမြမြချမ်းစိမ့်စိမ့်ရှိလှသော်လည်း သူတို့နှစ်ဦးအဖို့မူ ချွေးများပင်စို့လို့နေသည်။**

ကြက်တောင်အားကစား ဆိုသည်မှာလည်း လက်မှခြေထောက်တိုင် တစ်ကိုယ်လုံး လှုပ်ရှားပြေးလွှားရသောကြောင့် သွေးလေလှုပ်ရှားချွေးထွက်များပြီး ဣရိယာပုတ် မျှတသော ကစားနည်းတစ်ခုဖြစ်သည်။ ကြက်တောင်ရိုက်ကစားရာတွင် လိုအပ်သော ဝတ္ထုပစ္စည်းများမှာလည်း ဘက်တံနှစ်ချောင်း (သို့မဟုတ်) လေးချောင်းနှင့် ကြက်တောင် ဖော့လုံးတစ်လုံး၊ အလျား ၁၇ ပေမှ ပေ ၂၀ နှင့် အနံ ၂ ပေခွဲရှိသော ပိုက်တစ်ခုနှင့် ညီညာသောကစားကွင်းသာ ဖြစ်သည်။

ကြက်တောင်ရိုက်ကစားခြင်းကို အိန္ဒိယနိုင်ငံက ရှေးဦးစွာ စတီထွင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယကို ဗြိတိသျှတို့သိမ်းယူလိုက်သောအခါ အိန္ဒိယမှတစ်ဆင့် အင်္ဂလန်နိုင်ငံသို့ ထိုကစားနည်းရောက်ရှိသွားသည်။ အင်္ဂလန်နိုင်ငံတွင် ၁၈၃၇ ခုနှစ်မှစ၍ ကြက်တောင်အားကစားသည် ခေတ်စားလာသည်။ ဗင်မင်တန်ဟူသောအမည်မှာ အင်္ဂလန်နိုင်ငံတွင် ပထမဆုံးကြက်တောင်ရိုက်ကစားသောနေရာတစ်ခု၏အမည်ကိုယူ၍ မှည့်ခေါ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့နောက်အင်္ဂလန်မှတစ်ဆင့် ကမ္ဘာ့အရပ်ရပ်သို့ ပျံ့နှံ့သွားခဲ့သည်။

**လူအများစိတ်ဝင်စားသောအားကစားနည်း**

မြန်မာနိုင်ငံတွင်လည်း ကြက်တောင်အားကစားသည် အသက်အရွယ်၊ ကျားမ မရွေး၊ နေရာမရွေး ကစားနိုင်ခြင်း၊ ပစ္စည်းကိရိယာလိုအပ်ချက်ကလည်း အကုန်အကျ အသင့်အတင့်သာရှိခြင်းတို့ကြောင့် လူအများစိတ်ဝင်စားသော အားကစားနည်းတစ်ရပ်ဖြစ်ခဲ့သည်။ အထူးသဖြင့် ယခုလိုဆောင်းရာသီကာလ နံနက်နှင့်ညနေခင်းများတွင် သွေးပူလေ့ကျင့်ခန်းအနေဖြင့် ကြက်တောင်ရိုက်ကစားသူများပို၍ များပြားစည်ကားလှသည်။

သမီးငယ်နှစ်ဦး၏ ဘက်တမင်တန်ရိုက်ချက်တို့နှင့်အတူ ကြက်တောင်လေးသည် လေထဲတွင် စုန်ချည်ဆန်ချည် လူးလာခေါက်တုံ့ပျံဝဲနေသည်။ ရိုက်ချက်များက သွက်လက်မြန်ဆန်လာသည်။ မြင်ကွင်းတစ်ခုလုံးက သက်ငြိမ်ပန်းချီကားတစ်ချပ်မဟုတ်တော့။ တဖျပ်ဖျပ် သက်ဝင်လှုပ်ရှားနေသည်။။ ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့ကြက်တောင်အားကစား အကျော်အမော်တို့၏ ပုံရိပ်များကလည်း တဖျပ်ဖျပ် ထင်ဟပ်လာသည်။

၁၉၆၆ ခုနှစ် တိုင်းအာရှအိုလံပစ်အားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲ။ အာရှအဆင့်ဟုဆိုသော်ငြား တကယ်တမ်းအားဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲဆိုလျှင်လည်းမမှား။ ကမ္ဘာ့အားကစားပြိုင်ပွဲများတွင် ဥရောပ၊ အမေရိကတို့မှ နိုင်ငံကြီးများကသာအနိုင်ရဗိုလ်စွဲလေ့ရှိသော်လည်း ကြက်တောင်နှင့်ဟော်ကီ အားကစားနည်းများတွင်မူ အာရှနိုင်ငံများကသာ အနိုင်ရဗိုလ်စွဲလေ့ရှိကြသည်။ ကမ္ဘာ့ကြက်တောင်ပြိုင်ပွဲများတွင် အင်ဒိုနီးရှားတို့သည် ၁၀ နှစ်တာမျှ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်။ အင်ဒိုနီးရှားတို့နှင့် အဓိကပြိုင်ဘက်မှာ မလေးရှားဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ ဒိန်းမတ် နိုင်ငံတို့ကား ကမ္ဘာ့အဆင့်မီကြက်တောင်နိုင်ငံများဖြစ်ကြသည်။

ထိုခေတ်ထိုကာလတွင် မြန်မာ့ကြက်တောင်လောကသည် တစ်ခေတ်ပြောင်းလဲရန် ကြိုးပမ်းနေဆဲကာလသာဖြစ်၍ ကမ္ဘာ့ချန်ပီယံကြက်တောင်လက်ရွေးစင်များကို အနိုင်ရရန် မဆိုထားနှင့်၊ ထိပ်သီးစာရင်းဝင်ရောက်နေသော ထိုင်း၊ ဂျပန်တို့ကို အနိုင်ယူရန်ပင် မလွယ်ကူလှချေ။

သို့ရာတွင် ၁၉၆၆ ခုနှစ် ထိုင်းအာရှအိုလံပစ်အားကစားပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာ့ကြက်တောင်လက်ရွေးစင်ကြည်ညွှန့်သည် ပထမပွဲစဉ်၌ ဖိလစ်ပိုင်ကြက်တောင်လက်ရွေးစင်ကို စတင်အနိုင်ရခဲ့သည်။ ဒုတိယပွဲစဉ်တွင် ထိပ်သီးဂျပန်ကြက်တောင်လက်ရွေးစင်ကို လက်စွမ်းပြထပ်မံအနိုင်ရခဲ့ပြန်ရာ အားလုံး အံ့အားသင့်သွားခဲ့ကြသည်။ မြန်မာကြက်တောင်သမားတစ်ဦးသည် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန်စသည့် ထိပ်သီးအုပ်စုထဲသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီဟုလည်း မှတ်ချက်ချခဲ့ကြသည်။

**တတိယကြေးတံဆိပ်ဖြင့်သာကျေနပ်**

ကွာတားဖိုင်နယ်ပွဲစဉ်၌လည်း ကြည်ညွှန့်သည် တောင်ကိုရီးယား ကြက်တောင်လက်ရွေးစင်ကို လက်စွမ်းပြ ထပ်မံအနိုင်ရခဲ့၍ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားနိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင်မူ ကမ္ဘာ့ချန်ပီယံ အင်ဒိုနီးရှားလက်ရွေးစင်ကို အကြိတ်အနယ်ကစားနိုင်ပြီးမှ ရှုံးခဲ့သောကြောင့် တတိယကြေးတံဆိပ်ဖြင့်သာ ကျေနပ်လိုက်ရသည်။

မြန်မာ့ကြက်တောင်လောကအတွက်မူ ကြီးမားသော အောင်မြင်မှုတစ်ရပ်ဟုဆိုရပါမည်။ အာရှကြက်တောင်ပြိုင်ပွဲတွင် ဆုတံဆိပ်ရယူဆွတ်ခူးနိုင်ခြင်းသည် သာမန်မျှနှင့် ရယူနိုင်သော ဆုတံဆိပ်မျိုးမဟုတ်ချေ။ မြန်မာ့ကြက်တောင်လက်ရွေးစင်ကြည်ညွှန့်အဖို့လည်း ကျေနပ်ဂုဏ်ယူစရာဆုတံဆိပ်တစ်ခုဖြစ်ခဲ့သည်။ ဗွေဆော်ဦးစတင်ပါဝင် ယှဉ်ပြိုင်ခွင့်ရခဲ့သော နိုင်ငံတကာပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ကို စတင်ဆွတ်ခူးရယူနိုင်ခဲ့၍ဖြစ်သည်။



အာရှချန်ပီယံရှစ်ကြက်တောင်ပြိုင်ပွဲ (၂၀၂၂)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် သက်ထားသူဇာ၏ ကစားဟန်

ကြည်ညွှန့်နည်းတူ ထိုင်းအာရှအိုလံပစ်အားကစားပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိရန် အလားအလာရှိသူမြင့်မြင့်ခင် (မန္တလေး)သည် ပထမပွဲစဉ်၌ တောင်ကိုရီးယားလက်ရွေးစင်ကိုအနိုင်ရခဲ့ပြီး ဒုတိယပွဲ၌ ထိုင်းလက်ရွေးစင်ကို တစ်ပွဲအနိုင်ရရှိထားသည်။ သို့ရာတွင် ဒုတိယပွဲစဉ်ဆက်ကစားနေစဉ်အတွင်း ခြေထောက်လည်သွားကာ ဆက်မကစားနိုင်တော့သဖြင့် အရှုံးပေးခဲ့ရလေသည်။ မြင့်မြင့်ခင်သာ ခြေထောက်မနာခဲ့လျှင် ထိုစဉ်ကမြန်မာ့လက်ရွေးစင်ကြက်တောင်မောင်မယ်နှစ်ဦးသည် ဆုတံဆိပ်များ ရယူကာ ပြန်လာနိုင်မည်ဟု သုံးသပ်ခဲ့ကြသည်။

**လက်ရွေးစင်ကြက်တောင်အကျော်အမော်များပေါ်ထွက်**

ထို့နောက်ပိုင်းကာလများတွင် မြန်မာ့ကြက်တောင်လောကသည် အောင်မြင်မှုများစွာကို ရယူစိုက်ထူနိုင်ခဲ့သည်။ ကြည်ညွှန့်၊ ဝေညွှန့် ညီအစ်ကိုနှစ်ဦးနှင့် မြင့်မြင့်ခင် (မန္တလေး)တို့မှ အစပြု၍ မြလေးစိန်အထိ မြန်မာ့လက်ရွေးစင်ကြက်တောင်အားကစားအကျော်အမော်များ ပေါ်ထွက်လာခဲ့ပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များစွာ ရယူဆွတ်ခူးပေးနိုင်ခဲ့ကြပါသည်။

သို့သော် ၁၉၇၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပသည့် ကမ္ဘာ့ဖိတ်ခေါ် ကြက်တောင်ပြိုင်ပွဲကျား၊ မ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအမျိုးသမီးကြက်တောင်လက်ရွေးစင်မြလေးစိန်က ဒုတိယဆုရရှိခဲ့ပြီးနောက်ပိုင်း မြန်မာ့ကြက်တောင်လောကတွင် ထူးချွန်သည့် အမျိုးသမီးကြက်တောင်အားကစားသမားသစ်များ ရှားပါးသွားခဲ့သည်။

ထို့ကြောင့် လက်ရှိကာလတွင် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အလားအလာရှိသည့် ကစားသမားများကို ရွေးချယ်ခေါ်ယူကာ နိုင်ငံတော်၏ပံ့ပိုးစရိတ်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီကြက်တောင်အားကစားအောင်နိုင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် လူငယ်တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲများ၊ အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိသလို ပြည်ပပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် မျိုးဆက်သစ်ကြက်တောင်အားကစားမောင်မယ်များကို မွေးထုတ်ပေးလျက်ရှိသည်။

**အတိုးတက်ဆုံးအားကစားသမားဆုချီးမြှင့်**

အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် Egypt International Series 2018 ဖိတ်ခေါ်ပြိုင်ပွဲတွင် မျိုးဆက်သစ်လက်ရွေးစင်တစ်ဦးဖြစ်သူသက်ထားသူဇာသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။ မြန်မာ့ကြက်တောင်လောက၏ အမျိုးသမီးတစ်ဦးချင်းရွှေတံဆိပ်ဆုကို သက်ထားသူဇာက ပထမဆုံးအကြိမ်ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ၂၀၁၈ ခုနှစ်အတွက် အတိုးတက်ဆုံးအားကစားသမားဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်တိုက်ရရှိလာခဲ့ရာ လက်ရှိတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၄၂ နေရာတွင် ရပ်တည်နေပြီး အိုလံပစ်အဆင့်သတ်မှတ်ချက် အဆင့် ၂၁ နေရာကိုလည်း ရရှိထားကြောင်း သိရသည်။ သက်ထားသူဇာအနေဖြင့် ယခု ၂၀၂၄ ခုနှစ်အတွင်း ကျင်းပမည့် ပါရီအိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားနေပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် လေ့ကျင့်မှုများ ဆက်တိုက်လုပ်ဆောင်နေကြောင်း သိရသည်။

မျိုးဆက်သစ်များ ပျောက်လုနီးပါးရှိနေခဲ့သည့် ကြက်တောင်အားကစားနည်းတွင် သက်ထားသူဇာ၏ ရွှေတံဆိပ်ရယူဆွတ်ခူးနိုင်ခဲ့ခြင်းနှင့်အတူ မြန်မာ့ကြက်တောင်အားကစားလောကသည် ပြန်လည်သက်ဝင်လှုပ်ရှားလာသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် Badminton Asia Junior Under 15–17 (Southeast Asia) Regional Championships 2023 (Team Event) အရှေ့တောင်အာရှ သက်ငယ်တန်း ကြက်တောင်ချန်ပီယံပြိုင်ပွဲတွင်လည်း မြန်မာ့လက်ရွေးစင်ကြက်တောင်အသင်းသည် ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်း လက်ရွေးစင်တို့ကို အနိုင်ယူကာ ရွှေ ၁၁ ခု၊ ငွေ လေးခု၊ ကြေးနှစ်ခု ရယူဆွတ်ခူးနိုင်ခဲ့ပြန်ပါသည်။

အိမ်ရှေ့ဥပစာမြေကွက်လပ်ရှိ သမီးငယ်နှစ်ဦး၏ အပျော်တမ်းကြက်တောင်ပြိုင်ပွဲလေးက အကြိတ်အနယ်ရှိနေဆဲ။ ကြက်တောင်အားကစားနည်းသည် ကျန်းမာရေးနှင့် ညီညွတ်မျှတရုံမက စိတ်ပျော်ရွှင်ဖွယ်ရာ အားကစားနည်းတစ်ခုလည်းဖြစ်၍ လက်ရှိဆောင်းရာသီနံနက်ခင်းများတွင် ကိုယ်လက်လှုပ်ရှားအားကစားအနေဖြင့် လူကြီးလူငယ်မရွေး ပျော်ပျော်ပါးပါး ကြက်တောင်ရိုက်ကစားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

> ❖ **မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ကြက်တောင်အားကစားအောင်နိုင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အတွက် လူငယ်တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲများ၊ အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိသလို ပြည်ပပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် မျိုးဆက်သစ်ကြက်တောင်အားကစားမောင်မယ်များကို မွေးထုတ်ပေးလျက်ရှိ**

## ကျန်းမာရေးဝန်ကြီးဌာန

### (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

### ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

**ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)** **အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့**


## ပဲခူးတိုင်းဒေသကြီး သမဝါယမကဏ္ဍက ငါးများမွေးမြူထုတ်လုပ်

ပဲခူး ဇန်နဝါရီ ၁၅

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေး လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့ ကေတုမတီ ငါးကုန်ထုတ်သမဝါယမအသင်းနှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေ့ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းတို့၏ အသင်းပိုင်ငါးကန်များ၌ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးခုံးမနှင့် ရွှေဝါငါးမျိုးများ မွေးမြူထားရှိသည်။

အဆိုပါ အသင်းပိုင်ငါးကန်များမှ ၂၀၂၃ ခုနှစ် ဧပြီလမှ ယနေ့အထိ ဖော်ထုတ်ရရှိသည့် ငါးမျိုးစုံပိဿာချိန် ၁၄၄၈၈၅ ပိဿာ၊ တန်ဖိုးအားဖြင့် ငွေကျပ် ၆၉၁ ဒသမ ၁၈၇၀သန်းကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကားဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၅ - ၁ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| **စက်သုံးဆီ** | **(ရန်ကုန်)** | **(မန္တလေး)** |
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၅

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ ဟဲဟိုးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News








○ *ကျော်ဖုံးမှ*

မတ်လမှသာ ဒုတိယအကြိမ် လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို အုပ်ချုပ်/နည်းပြကိုးဦး၊ ပဏာမကစားသမား ၂၅ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး **အဖွဲ့ခေါင်းဆောင်**-ဒေါက်တာရဲမွန်ထွဋ်၊ **အုပ်ချုပ်သူ**-ဦးရဲဝင်းထွန်း၊ **နည်းပြချုပ်**-ဘန်လက်ချာယိုဝန် (ထိုင်း)၊ **လက်ထောက်နည်းပြ**-ဦးဌေးမြင့်၊ ဦးမောင်မောင်လွင်၊ **ဂိုးနည်းပြ**-ဦးထွန်းထွန်းလတ်၊ **ကြံ့ခိုင်ရေးနည်းပြ**- တာဝမ်(ထိုင်း)၊ ကစားသမားများအဖြစ် **ဂိုးသမား**-ညီညီသန့်၊ မိုင်စိုးမြတ်ထွေး (MIU)၊ ဖွဲပြည့်စုံ (VUC)၊ ကျော်ရဲသွေး (Generations)၊ **ကစားသမား**-မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ရဲရင့်ရွှေပေါ၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော်၊ ကောင်းဇော်ထက်၊ အောင်ဇင်ဦး (VUC)၊ လဖိုင်ဇော်လွန်း (Winner Soccer)၊ ရှိုင်းထက်အောင်(ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ (M2K)၊ ကိုကိုလွင်၊ သက်ထွန်း၊ မျိုးသက်အောင်၊ နေထက်လင်း (MIU)၊ ဆက်ဝေယံ၊ ဇော်ဖြိုးဦး (Generations)၊ ခန့်တီမင်းထွေး၊ သော်ထက်အောင် (လင်းလက်) နှင့် နေမျိုးသက် (Futsal-19) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပထမအကြိမ် လေ့ကျင့်ရာတွင် နိုင်ငံတကာ ခြေစမ်းပွဲ ကစားမည်ဖြစ်ပြီး ဖေဖော်ဝါရီပထမပတ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဖေဖော်ဝါရီ ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူရာဗာရာမြို့သို့ ထွက်ခွာပြီး ဖေဖော်ဝါရီ ၇ ရက်နှင့် ၉ ရက်တို့တွင် အင်ဒိုနီးရှားဖူဆယ်လိဂ် ချန်ပီယံ Bintang Timur Futsal Club အသင်းနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် Regional East Java Team နှင့် လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၉၀၀ | ၁၃၀၈ | ၁၁၃၈၀၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၂၄ | ၉၀၈၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၅၂ | ၂၃၅၆၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁ | ၂၅၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၃၁၀ | ၆၀၅၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၃၈၂ | ၄၀၅၈၅၀၀ |

ညီညီ - စုစည်းသည်





# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုများအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့၌ လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌လည်းကောင်း ကျင်းပပြုလုပ်ကြသည်။ ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်းဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက " ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂီတအစည်းအရုံး နာယက ဂန္ထဝင်တေးသံရှင် စည်သူ ဦးမောင်မောင်ကြီး ကွယ်လွန်

ချစ်သူ့နယ်မြေ၊ အကျည်းတန်ချစ်သူ၊ ကျမျက်ရည် မကြေညာစတမ်း၊ အချစ်ကို ဘယ်လိုပြောရမယ် စသည့်ထင်ရှားကျော်ကြားသော မြန်မာသံတေးသီချင်းများကို သီဆိုခဲ့သူ ဂန္ထဝင်တေးသံရှင် စည်သူဦးမောင်မောင်ကြီးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီအချိန်(အသက် ၉၂ နှစ်အရွယ်)တွင် အလုံမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရသည်။ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ နာယကကြီး တစ်ဦးဖြစ်ပြီး လူမှုထူးချွန် ပထမဆင့်၊ တတိယဆင့် ဆုများကိုလည်း ရရှိထားခဲ့သူ စည်သူ ဦးမောင်မောင်ကြီးသည် ဇန်နဝါရီ ၉ ရက်က ကွယ်လွန်သွားခဲ့သည့် ပြည်သူချစ်သော တေးသံရှင် ဒေါ်မာမာအေးနှင့် ခေတ်ပြိုင်အဆိုတော်ကြီးဖြစ်ပြီး ဒေါ်မာမာအေးနှင့် တွဲဖက်၍လည်း တေးသီချင်းများ သီဆိုခဲ့ဖူးရာ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသော တို့ပြည်ထောင်စုသားသီချင်းမှာ အထူးထင်ရှားသော တေးသီချင်းတစ်ပုဒ်ဖြစ်သည်။



စည်သူ ဦးမောင်မောင်ကြီးကို ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဖခင် ဦးခင်စိန်နှင့် မိခင် ဒေါ်ခင်ညွန့်ရင်တို့က ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး ငယ်မည်မှာ မောင်မောင် ဖြစ်သည်။ ဂီတနယ်သို့ ၁၉၄၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ကျင်းပသည့် ယဉ်ကျေးမှုအနုပညာ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဟာဂီတအဆို ပထမ ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ပထမဆုံး သီဆိုခဲ့သော သီချင်းမှာ ၁၉၅၀ ခု BSC ကောလိပ်ကျောင်း သကြံန်အဖွဲ့အတွက် ဆရာရွှေပြည်အေး ရေးစပ်ပေးသည့် သီချင်းတစ်ပုဒ်ဖြစ်ပြီး ၁၉၅၁ ခုနှစ်တွင် ဂီတလုလင်အပျော်တမ်း တူရိယာအဖွဲ့တွင် ပင်တိုင် အဆိုတော်အဖြစ် မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။ မဟာဂီတသီချင်းကြီးများ၊ ကာလပေါ်သီချင်းများ၊ ရေဒီယိုရောင်းတမ်း ခေတ်ပြားများ၊ ရုပ်ရှင်နောက်ခံ တေးပေါင်းများစွာကို သီဆိုအောင်မြင်ခဲ့သောအဆိုတော်ကြီး တစ်ဦးဖြစ်သည်။

စည်သူ ဦးမောင်မောင်ကြီး၏ အောင်မြင်ကျော်ကြား လူကြိုက်များသော တေးသီချင်းများမှာ "တစ်ခုတည်းသော ရည်မှန်းချက်၊ နှစ်ဆင့်မေတ္တာ၊ နွဲ့နှောင်း၊ ရွှေညာဆီသွားမယ်၊ အကျည်းတန်ချစ်သူ၊ ကွမ်းတောင်ကိုင်၊ မေတ္တာနုနု စေလာရင်ကွယ်၊ စိမ်းလဲ့ညို၊ အမိုက်မလေးငှက်ငယ်၊ သစ်ခြောက်ပင်အောက် ပန်းကောက်သူ၊ လွမ်းအိပ်မက်က သံသရာရှည်" စသည်တို့ဖြစ်သည်။ စည်သူ ဦးမောင်မောင်ကြီးသည် မြဝတီရုပ်မြင်သံကြားတွင် အကြံပေးအရာရှိ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် တေးဂီတစိစစ်ရေးဘုတ်အဖွဲ့ဝင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ဒိုင် စသည့်ဂီတဆိုင်ရာ တာဝန်များကိုလည်း ဆောင်ရွက်ခဲ့၍ ၂၀၀၄ ခုနှစ်တွင် လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ဝင်းဝင်းမြင့်၊ သား ဦးကျော်ကျော်နိုင်၊ သမီး ဒေါ်ကေသီနိုင်တို့ ကျန်ရစ်သည်။

**မြန်မာ့အလင်း**

# ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သစ်ပုတ်ကျေးရွာအုပ်စုရှိ တောင်ခမောက်ကျေးရွာနှင့် မအူကွင်းကျေးရွာတို့ကို ပြည်သူ့စစ်ဖွဲ့ရန် ငြင်းပယ်မှု၊ တပ်သားသစ် စုဆောင်းမပေးမှုတို့ကြောင့် ဇန်နဝါရီ ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို Khit Thit Media က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။ အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၄ ရက်က ပေါင်းတည်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် ၎င်းကျေးရွာများကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပြီး ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်သတင်းမှားများကိုရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် တောကန်ကျေးရွာအား ယနေ့နံနက်ပိုင်းတွင် တပ်မတော်မှ မီးရှို့ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် တောကန်ကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် AA သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့များမှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့များက ကျေးရွာရှိလူနေအိမ်များအား မီးရှို့၍ ထွက်ပြေးသွားခဲ့ကြောင်းနှင့် လုံခြုံရေးအဖွဲ့များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း လူနေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

လက်နက်ကိုင် သောင်းကျန်းသူများသည် မြို့၊ ရွာများရှိ လူနေအိမ် အဆောက်အဦများကို အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း အပါအဝင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဖျက်ဆီးနေမှုများကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားကာ သွေးထိုးလှုံ့ဆော်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







✻ *ကျောဖုံးမှ*

(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၁၂၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် JK COP-IER Copy Paper ၁၀၀၀ ကီလိုဂရမ်၊ Bridge Stone စက်ဘီး (Used) အစီး ၃၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၄ ဒသမ ၇၁၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၇၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၈၀၉၆၂၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပဲခူးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပဲခူးတက္ကသိုလ် ဒုတိယအကြိမ်နှင့် အဝေးသင် သင်တန်း ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပရေး ကော်မတီက ၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီလ(၁၅၊၁၇၊ ၁၈၊၂၂၊၂၄၊၂၅)ရက်နေ့တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်း အနား၌ ဘွဲ့နှင်းသဘင်ခန်းမ (အတွင်း+အပြင်)ဓာတ်ပုံမှတ်တမ်း ရိုက်ကူးရေး လုပ်ငန်းခွင့်ပြုနိုင် ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို (၁-၂-၂၀၂၄) ရက်နေ့မှစတင်၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင် (၂၀၀ဝိ/-) (နှစ်ထောင်ကျပ်တိတိ)ဖြင့် ဌာနမှူး(စီမံ/ဘဏ္ဍာ)ရုံးခန်းတွင် မိမိတို့ လုပ်ကိုင် လျက်ရှိသည့် ပုံနှိပ်ထုတ်ဝေရေးလိုင်စင်နှင့် ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်း ပြသ၍ ဝယ်ယူပြီး (၅-၂-၂၀၂၄) မွန်းတည့်(၁၂:၀၀)နာရီ နောက်ဆုံး ထား၍ ဈေးနှုန်းလျှောက်လွှာတစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူ ကိုယ်တိုင် ပဲခူးတက္ကသိုလ် ဓာတ်ပုံတင်ဒါခေါ်ယူရေးစိစစ်ရေးကော်မတီသို့ လာရောက် တင် သွင်းရမည်။ (၅-၂-၂၀၂၄)ရက်နေ့ မွန်းလွဲ(၂:၀၀)နာရီတွင် စိစစ်ရွေးချယ် မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၇၇၆၆၄၇၃၉၊ ၀၉-၂၄၀၂၆၁၅၊ ၀၉-၄၂၀၀၅၈၀၃၉ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပဲခူးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ အိမ်အမှတ်(၁၆၀/၁၆၁)၊ (၁၀)ရပ်ကွက်၊ ရွှေဥမင်လမ်းဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ အကွက်အမှတ်(၄၁)၊ ဗိုလ်ကုန်းအနောက်ပိုင်းရပ်၊ ဦးပိုင်အမှတ်(၂/၂၁/၁)၊ ဧရိယာ (၀ဒသမ၅၄၀)ကေ၊ ဒေါ်အမာအမည်ပေါက် ဂရန်မြေအမျိုးအစားနှင့် မြေတိုင်း ရပ်ကွက်အမှတ်(၁၀)၊ အကွက်အမှတ်(၄၁-ဗိုလ်ကုန်းအနောက်ပိုင်းရပ်)၊ ဦးပိုင် အမှတ်(၂/၂၁-၁၀/၅၂+၁၂/၄၆)၊ ဧရိယာ(၀ဒသမ၅၃၈)ကေ၊ ဦးအောင်သန်းစိုး မြင့် အမည်ပေါက် မြေစာရင်းပုံစံ ၁၀၅ မြေအမျိုးအစားတို့၏ မြေကွက်နှစ်ကွက် ပေါင်း ဧရိယာ(၁ဒသမ၀၇၈)ကေ၊ အကျယ်အဝန်း အလျား(၈၃x၂၂၀)၊ အနံ (၄၀၀x၃၃၀)ပေရှိ ဂရန်/၁၀၅ မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်အမာ ၅/မရန(နိုင်)၀၂၅၀၃၅နှင့် ဦးအောင်သန့်စိုးမြင့် ၅/မရန(နိုင်)၀၂၅၀၃၇တို့က အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နီနီဝင်း(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဦးဝင်းနိုင် ၏သား ဦးထွန်းလှနိုင် ၅/မရန(နိုင်) ၂၅၉၈၆၀၏ နိုင်ငံကူးလက်မှတ်နံပါတ် MB-603515 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၁၃၀၂၆၆၇**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကနီမြို့နယ်၊ ထောက်ကြံ့ အိုင်ရွာနေ မတောစပယ်၏အမည် မှန်မှာ မတောစံပယ် ၅/ကနန (နိုင်)၁၁၆၈၂၅ဖြစ်ပြီး ၎င်း၏ဖခင် အမည်မှန်မှာ ဦးမြင့် ၅/ကနန (နိုင်) ၀၀၀၂၉၁ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးစိုင်းမောင်မောင်ထွေး ၅/ မရန(နိုင်)၁၉၅၃၇၁ ၏ သမီး စစ်ကိုင်းမြို့ IBEC ဘုန်းတော်ကြီး သင်ပညာရေးဌာန၊ (G-11)မှ မယဉ်သီရိသူ (ခ) မသွန်း ရတီဟန် ၏ အမည်မှန်မှာ မဟန်နေဦး (ကျောင်းဝင်အမှတ်-၂၁၁၂/၂၃) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်ဝင်း၏သား မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက(၃) မုဒုံ၊ Grade-1 မှ မင်းလရီစနောင်း အား မောင်လင်းရောင်ခဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းရောင်ခ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၁၃၂၈၈, Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညီညီထွေး ၉/လဝန(နိုင်) ၂၈၆၃၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၇၉၅၁၄, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မီထွန်း ၉/ပမန (နိုင်) ၂၁၇၆၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်စုံစမ်းရေးမှူးရာထူး လစာနှုန်း (၁၈၀၀၀ဝိ-၂၀၀ဝိ-၁၉၀၀၀ဝိ) တွင် (အမျိုးသား/အမျိုးသမီး) (၆၅)နေရာ ဖြည့်တင်းခန့်ထားမည်ဖြစ်၍ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထား နိုင်ပါသည်-

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊
- (ခ) ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၇)နှစ်ထက် မကြီးသူဖြစ်ရမည်၊
- (ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်၊ (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်)
- (ဃ) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ရင်အုပ်နဂိုအနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်နှင့် အထက် ရှိရမည်၊
- (င) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန် အနည်းဆုံး ၁၀၀ ပေါင်နှင့်အထက်ရှိရမည်၊
- (စ) ဆေးအဆင့် (က) ရှိရမည်၊ မျက်မှန်တပ်ဆင်ထားသူများ မဖြစ်ရ၊
- (ဆ) ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူဖြစ်ရမည်၊
- (ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
- (ဈ) နယ်ဘက်တရားရုံးများတွင် အမှုအခင်းကင်းရှင်းသူဖြစ်ရမည်၊
- (ည) အနည်းဆုံး (၁)နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ကတိခံဝန်ချက်ရေးထိုးရမည်၊
- (ဋ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဖြေဆိုရမည်။

၄။ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ဆေးအဆင့်စစ်ဆေးခြင်းများ ပြုလုပ်မည်။

၅။ သတ်မှတ်လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် သတင်းစာ၌ ကြော်ငြာပါဝင်သည့်နေ့မှစ၍ ရယူနိုင်သည်။

၆။ လျှောက်လွှာပြန်လည်တင်ပြခြင်းကို ၉-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ပေးပို့ရမည်၊ သတ်မှတ်လျှောက်လွှာမူရင်းတင်ပြသော လျှောက်လွှာကိုသာလက်ခံမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထား စာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-
- (က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊
- (ခ) ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ(မိတ္တူ)၊
- (ဂ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)၊
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊
- (င) အိမ်ထောင်စုစာရင်း(မိတ္တူ)၊
- (စ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာတို့မှထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊
- (ဆ) (၂)လအတွင်း ရိုက်ထားသော ၁.၅"x ၂" အရွယ် ဓါတ်ပုံ (၃) ပုံ၊
- (ဇ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊
- (ဈ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်၊
- (ည) ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးကြောင်း လက်မှတ်(မိတ္တူ)၊
- (ဋ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ခွင့်ပြုချက်နှင့်ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် မူရင်း/မိတ္တူ
- (ဌ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၈။ ဖြေဆိုခွင့်ရရှိသူများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများမှတစ်ဆင့် အကြောင်းကြားပါမည်။

၉။ စာရွက်စာတမ်း၊ သတ်မှတ်အရည်အချင်း၊ သတ်မှတ်အချက်အလက်များ မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၃၁၃၉၆ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ သုမန(၄)လမ်း၊ မြေကွက်အမှတ်(၄၂၁-ခ)၊ ဧရိယ (၁၂၀၀ စတုရန်းပေ) အကျယ်အဝန်းရှိသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စုမြတ်သွယ် ၁၂/သကတ(နိုင်) ၁၉၅၃၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးထွန်းလင်း ၁၂/ကမရ(နိုင်) ၁၅၇၀၀၁က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ပဲခူးတက္ကသိုလ်
## ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်နှင့် ဒုတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ပဲခူးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (နေ့သင်တန်း)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များနှင့် ၂၀၂၃ ပညာသင်နှစ်၊ (အဝေးသင် သင်တန်း)များ၏ ဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် ၈-၁၂-၂၀၂၃ ရက်နေ့မှ ၁၂-၁-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်(နေ့သင်တန်း)**

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း | ၁၅-၂-၂၀၂၄ | ၁၇-၂-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ | (ကြာသပတေးနေ့) | (စနေနေ့) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း | နံနက် ၈:၃၀နာရီ | နံနက် ၉:၀၀နာရီ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ | ခန်းမ(အရှေ့ခြမ်း) | ပ-နံနက် |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | သမိုင်း | | |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| မဟာသိပ္ပံဘွဲ့ | ဓါတုဗေဒ | ၁၅ -၂-၂၀၂၄ | ၁၇ -၂-၂၀၂၄ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓါတုဗေဒ၊ ရုက္ခဗေဒ | (ကြာသပတေးနေ့) | (စနေနေ့) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | ပထဝီဝင်၊ ဒဿနိကဗေဒ၊ | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| | အရှေ့တိုင်းပညာ | ခန်းမ(အလယ်) | ပ-ညနေ |
| သိပ္ပံရိုးရိုးဘွဲ့ | ဓါတုဗေဒ၊ ရုက္ခဗေဒ | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၁၅ -၂-၂၀၂၄ | ၁၈ -၂-၂၀၂၄ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဘူမိဗေဒ | နံနက် ၈:၃၀နာရီ | နံနက် ၉:၀၀နာရီ |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ ၊အင်္ဂလိပ်စာ | ခန်းမ(အနောက်ခြမ်း ) | ဒု-နံနက် |
| သိပ္ပံရိုးရိုးဘွဲ့ | သင်္ချာ၊ ဘူမိဗေဒ | | |

**ဒုတိယအကြိမ်ဘွဲ့နှင်းသဘင် (အဝေးသင်သင်တန်း)**

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၁မှ၁၀၆) | ၂၂-၂-၂၀၂၄ | ၂၄-၂-၂၀၂၄ |
| | သမိုင်း(၄သ-၁မှ၁၀၄) | (ကြာသပတေးနေ့) | (စနေနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ | နံနက် ၈:၃၀နာရီ | နံနက် ၉:၀၀နာရီ |
| | | ခန်းမ(အရှေ့ခြမ်း) | တ-နံနက် |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၁၀၇ မှ၂၁၉) | ၂၂-၂-၂၀၂၄ | ၂၄-၂-၂၀၂၄ |
| | သမိုင်း(၄သ-၁၀၆ မှ ၂၂၀) | (ကြာသပတေးနေ့) | (စနေနေ့) |
| | စိတ်ပညာ | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| သိပ္ပံရိုးရိုးဘွဲ့ | သင်္ချာ | ခန်းမ(အနောက်ခြမ်း) | တ-ညနေ |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၂၂၀ မှ ၃၉၉) | ၂၂-၂-၂၀၂၄ | ၂၅-၂-၂၀၂၄ |
| | ပထဝီဝင် | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | ဓါတုဗေဒ | မွန်းလွဲ ၁:၀၀နာရီ | နံနက် ၉:၀၀နာရီ |
| | | ခန်းမ(အရှေ့ခြမ်း) | စ-နံနက် |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | အင်္ဂလိပ်စာ ၊ ဒဿနိကဗေဒ၊ | ၂၂-၂-၂၀၂၄ | ၂၅-၂-၂၀၂၄ |
| | အရှေ့တိုင်းပညာ | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | သတ္တဗေဒ၊ ရုက္ခဗေဒ | မွန်းလွဲ ၁:၀၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| | | ခန်းမ(အနောက်ခြမ်း) | စ-ညနေ |

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။(အဆိုပါအစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို နေ့သင်တန်းများသည် ၁၂-၂-၂၀၂၄ ရက် (တနင်္လာနေ့) နံနက် (၉:၃၀) နာရီမှစတင်၍ ပဲခူးတက္ကသိုလ် (သင်တန်းရေးရာဌာန)တွင် ထုတ်ပေးပါမည်။(အဝေးသင် သင်တန်း) များကို ၁၉-၂-၂၀၂၄ ရက် (တနင်္လာနေ့) နံနက်(၉:၃၀) နာရီမှစတင်၍ ပဲခူးတက္ကသိုလ်(အဝေးသင်ဌာန)တွင် ထုတ်ပေးပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတက္ကသိုလ်(သင်တန်းရေးရာဌာန) ဖုန်း ၀၉-၇၇၇၆၆၄၇၃၉ ၊ ၀၉-၄၂၀၀၅၈၀၃၉ ၊ ၀၉-၆၈၆၅၄၅၁၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာဌာန**
**ပဲခူးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

